မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၀၅)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အကျဉ်းသား၊ အကျဉ်းသူ (၆၅၁)ဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းချမ်းသာခွင့်ပြု အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့် ရရှိစေရေးရည်ရွယ်

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်၍ အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ (၆၅၁)ဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ပြာသိုလဆုတ် (၅)ရက်၊ (ခရစ်နှစ် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၃ ရက်)နေ့မှစ၍ လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ် Wing-7 ၌ ကြည့်ရှုလေ့လာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ် Wing -7 ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၂

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Itthaporn Subhawong လိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီတွင် ထိုင်းတပ်မတော် အထူးလေယာဉ်ဖြင့် Suratthani ပြည်နယ်ရှိ ထိုင်းဘုရင့်လေတပ် Wing -7 သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ❍

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်အောက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်အောက်လွှတ်တော်အမတ် Mr. Joseph F.Crowley ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီအဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်အောက်လွှတ်တော်အမတ် Mr. Joseph F.Crowley ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီအဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်၏လုပ်ငန်းတာဝန်များ၊ လွှတ်တော်တွင် ဥပဒေကြမ်းများရေးဆွဲနေမှု၊ ပြည်သူ့ဆန္ဒနှင့် မျှော်လင့်ချက်များကို လွှတ်တော်မှဖော်ဆောင်ပေးနေမှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လွှတ်တော်များဖြင့် ပူးပေါင်းဆောင်ရွက်နေမှု၊ တိုင်းရင်းသားအရေးကိစ္စရပ်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၃ ရက်)

တန်ဖိုးရှိသော အချိန်များကို အကျိုးရှိစွာ အသုံးချနိုင်ပါလျှင်

လောက၌ ပညာရှာနေကြသူများ၊ စီးပွားရှာနေကြသူများ၏ တန်ဖိုးအရှိဆုံးအရာကား အချိန်ပေတည်း။ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်းသည် ကြိုးစားနေသူများအဖို့ ရွှေပင်ဖြစ်သည်။ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်သူတိုင်းသည် ကြီးပွားတိုးတက်နိုင်၏။ မာရသွန်အပြေး သမားများ၏ ခြေလှမ်းများသည် အချိန်ဟူသော စက္ကန့်များကျော်ဖြတ်ပြီး ဆုများကို ဆွတ်ခူးခဲ့ကြခြင်းပင် မဟုတ်ပေလော။

အချိန်ကို တန်ဖိုးထားတတ်ကြသူများအတွက် အဖိုးအနဂ္ဃထိုက်တန်သည်ဟု ဆိုကြသည်။ မှန်ပေ၏။ အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်သဖြင့် လောက၌ ကြီးပွားချမ်းသာသူများ အများအပြားရှိပေသည်။ ပညာရှာလောကသားများ အချိန်ကို အကျိုးရှိစွာ အသုံးချပြီး စာများများ အချိန်ယူကျက်မှတ်ခဲ့သဖြင့် စာမေးပွဲ ဖြေဆိုသည့်အခါ ကောင်းစွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးများရကြသည်။ စီးပွားရှာသူများမှာမူ အချိန်များများ အလုပ်လုပ်နိုင်သဖြင့် စီးပွားတိုးတက်၏။

အချိန်နှင့် ဒီရေသည် လူကို မစောင့်ဟူသော စကားရှိသည်။ အချိန်ကို အကျိုးရှိသည့်နေရာတွင် အသုံးမချတတ်သူများအတွက် အချိန်သည် တန်ဖိုးမရှိနိုင်ချေ။ အချိန်သည် ပစ္စုပ္ပန်ဖြစ်သည်။ လက်ရှိအချိန်ကို တန်ဖိုးရှိအောင် အသုံးချတတ်ရန် အရေးကြီးသည်။ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်းကို အကျိုးရှိရှိ အသုံးချသင့်သည်။

တစ်ခါက ဒလမြို့သို့ သွားရောက်စဉ် ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်ပေါ်တွင် နေရာလေးတစ်နေရာအတွက် လူရာပေါင်းများစွာတို့ ကြိတ်ကြိတ်တိုး တိုးဝှေ့နေသည်ကို တွေ့ဖူး၏။ လူတွေ အဘယ်ကြောင့် မဟုတ်သည့်နေရာတွင် လောဘဇောတိုက်၍ အချိန်ကို တလွဲအသုံးချလေသနည်း။

အလားတူ ရုပ်ရှင်ရုံ၊ ဈေး၊ လက်ဖက်ရည်ဆိုင် အစရှိသည်တို့တွင် လူအများအပြား တိုးဝှေ့နေကြသည်။ စာကြည့်တိုက်၊ ပြတိုက်များတွင် တိုးဝှေ့နေရမည့်အစား မည်သည့်အတွက် အချိန်ဖြုန်းရာရောက်သော နေရာများတွင် တိုးဝှေ့နေကြသနည်း။

အကယ်၍ လူတို့အနေဖြင့် တိုးဝှေ့ချင်စိတ်ကို မိမိ၏ ပညာရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုး သယ်ပိုးသည့်နေရာများတွင် အသုံးပြု၍ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်လျှင် ဘယ်လောက်ကောင်းမလဲဟု စဉ်းစားမိသည်။ ထိုသို့ အချိန်ကို တန်ဖိုးရှိစွာ အသုံးချနိုင်လျှင် အောင်မြင်ခြင်း၊ ကြီးပွားခြင်း၊ တိုးတက်ခြင်းသို့ ရောက်ပေလိမ့်မည်။

ယနေ့ခေတ်ကြီးတွင် အရာရာတိုင်းသည် ဖြစ်မှု၊ ပျက်မှု အကြောင်းခြင်းရာတို့အပေါ် အခြေခံလျက် ပြောင်းလဲမှုများမှာ အလွန်မြန်ဆန်လွန်းလှ၏။ မနေ့က အကြောင်းအရာများသည် ယနေ့နှင့် တူချင်မှတူနိုင်၏။ အကြောင်းမှာ အချိန်နှင့်အမျှ ပြောင်းလဲနေခြင်းကြောင့်ဖြစ်၏။ အချိန်နှင့် တစ်ပြေးညီလိုက်လျောညီထွေစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပါမှ ခေတ်ကို အမီလိုက်နိုင်ပေလိမ့်မည်။

မျက်မှောက်ခေတ် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံတို့၌မူ လူအများစုမှာ အချိန်ကို တန်ဖိုးထား လုပ်ကိုင်ကြ၏။ အချိန်ကို တန်ဖိုးထားပြီး အကျိုးရှိသည့်နေရာများတွင် အသုံးချတတ်ခြင်းကြောင့်လည်း ကြီးပွားတိုးတက်ကြ၏။ ချမ်းသာကြွယ်ဝကြ၏။ သွားသုတ်သုတ်၊ လာသုတ်သုတ်ဖြင့် အချိန်ကို တန်ဖိုးရှိစွာအသုံးချတတ်ကြ၏။ ယုတ်စွအဆုံး ဖုန်းပြောတာတောင် တိုတိုတုတ်တုတ် ပြောကြ၏။ အချိန်ကို တန်ဖိုးထားကြသူများအဖြစ် အတုယူဖွယ်ကောင်း၏။

သို့ဖြစ်ပေရာ လူတိုင်းလူတိုင်းသည် မိမိကျင်လည်ရသော လုပ်ငန်းခွင်အသီးသီးတို့တွင် အချိန်ကို အလဟဿ ဖြုန်းတီးနေမည့်အစား အကျိုးရှိမည့် လုပ်ငန်းတစ်ခုခုတွင် အချိန်ကိုအသုံးချကာ လုပ်ကိုင်နေသင့်ပေသည်။ တန်ဖိုးရှိသည့်အချိန်များကို အကျိုးရှိစွာ အသုံးချပါက ကြီးပွားတိုးတက်အောင်မြင်ခြင်းသို့ အမှန်ပင်ရောက်နိုင်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) (၁၀)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ အဆိုပါတက္ကသိုလ်၌ ကျင်းပခဲ့ရာ လူပုံတူပန်းချီပြပွဲတွင် ပန်းချီကားပေါင်း ၁၅၁ ကားကို ရေးဆွဲပြသခဲ့ကြပြီး စာတမ်းရှင်ဆရာ ဆရာမများက စာတမ်း ခုနစ်စောင်ကို ဖတ်ကြားတင်သွင်းကြသည်။

ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းက တက္ကသိုလ်ပင်မ အုပ်ချုပ်ရေးရုံးရှေ့ မြက်ခင်းပြင်၌ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမှတ်တရသစ်ပင်(စိန်ပန်းပင်) စိုက်ပျိုးခြင်း၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကျင်းပခြင်း၊ တာဝန်ခံပါမောက္ခချုပ်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အနုပညာဌာနခွဲ (ဂီတ)နှင့် (သဘင်)တို့က ဖျော်ဖြေခြင်း၊ မီးပုံးပျံလွှတ်ခြင်းတို့ကို ကျင်းပခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒိုက်ဦး ကန်ဦးပညာရေးဖောင်ဒေးရှင်း အခြေခံစက်ချုပ်သင်တန်းဖွင့်

ဒိုက်ဦး ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင်ဖောင်ဒေးရှင်း၌ ယဉ်ကျေးလိမ္မာသက်မွေးပညာ အခြေခံစက်ချုပ်သင်တန်း အမှတ်(၂)ကို ဇန်နဝါရီ ၈ ရက်က ဖွင့်လှစ်ပြီး အဆိုပါသင်တန်းကာလမှာတစ်လကြာမြင့်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ဒိုက်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူ ၄၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းဖြစ်မြောက်ရေးအတွက် အပ်ချုပ်စက် ၁၀ လုံးကို ရန်ကုန်မြို့မှ ဒေါ်ရီရီလှမိသားစုနှင့် အခြားအလှူရှင်များက ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့အခမ်းအနား ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၁၂

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့ မြို့မ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

လွတ်လပ်ရေးနေ့ အခမ်းအနား မင်းတုန်းမြို့နယ်၌ ကျင်းပ

မင်းတုန်း ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ဖတ်ကြားသည်။ (အောက်ပုံ)

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကလေးပြပွဲပြိုင်ပွဲနှင့် ဆုပေးပွဲများကို မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

ပညာပြည့်ဝနှလုံးလှစာကြည့်တိုက် ထန်းတပင်မြို့နယ် ရွာသစ်ကြီးကျေးရွာ၌ဖွင့်

ထန်းတပင် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာတွင် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ပညာပြည့်ဝနှလုံးလှစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြိမ်းမြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးတို့က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားသည်။

အဆိုပါစာကြည့်တိုက်သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းနှင့် သွပ်အချပ် ၅၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသက်ဟန်ကလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ သုတရသ စာအုပ် ၁၀၀ ကို မြို့နယ်ဦးစီးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးသောင်းကြည်က လည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးထုတ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့် လုပ်သားပြည်သူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ညွှန့်နှင့် ဝန်ထမ်းများက မီးဘေးသင့်၍ ပျောက်ဆုံးပျက်စီးခဲ့သည့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး အခမဲ့ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ (လဝက)

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး ကျင်းပသော ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉) ရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် သမားတော်ကြီး ပါမောက္ခဦးနေဝင်း (MBBS, MMed Sc, MRCP(UK), FRCP(Edin), Dip Med Sc, Dr. Med Sc (Gen Med)က ကျန်းမာသော လူနေမှုပုံစံနှင့် သွေးချိုရောဂါ "Healthy Life Style and Diabetes"ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အဆိုပါ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရှိရသည်။ (ကုန်သည်/စက်မှုအသင်းချုပ်)

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း စာအုပ်များ ပေးအပ်လှူဒါန်း

တာချီလိတ် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှပေးပို့သောစာအုပ်များ တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု စလီကျေးရွာ စလီစာကြည့်တိုက်သို့ လှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ပေးပို့သော သုတရသစာအုပ် ၂၅၀ ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကြည်က ပေးအပ်လှူဒါန်းရာ ဖန်မင်ကျေးရွာအုပ်စုမှ ဦးလှသိန်းက လက်ခံယူသည်။ (အောက်ပုံ)

လှူဒါန်းပွဲအပြီးတွင် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး ကိစ္စများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

➤ မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ ➤

မြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် ရွှေလောင်းကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြည်သူများ ဗဟုသုတတိုးပွားရန် စာပေဖတ်ရှုသည့် အလေ့အကျင့်တိုးတက်အောင်ဆောင်ရွက် စာကြည့်တိုက်များ ရေရှည်ရှင်သန်စေရေး စာငှားစနစ်ကို ပီပီပြင်ပြင်ဖော်ဆောင် အသေးစားငွေကြေးလုပ်ငန်းများပိုမိုကျယ်ပြန့်စေရန် ချေးငွေများမှန်ကန်စွာပြန်လည်ပေးဆပ်

နေပြည်တော် ဇန်နဝါရီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ပါ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနယ်ပယ်(၆)ရပ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဇီးတောင်ကျေးရွာအုပ်စု ကုန်းကြီးကျေးရွာသို့ရောက်ရှိပြီး အိမ်မက်အလင်း စာကြည့်တိုက်တည်ဆောက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပုလဲမြို့နယ်အတွင်းရှိ ရွှေလောင်းကျေးရွာ၊ မွေ့တုံကျေးရွာ၊ နွားကူးကျေးရွာ၊ ပန်းကျေးရွာ၊ တနယ်ကျေးရွာ၊ လှော်ကားကျေးရွာ၊ ကံပေါက်ကျေးရွာနှင့် နွယ်ရှောက်ကျေးရွာတို့သို့ ရောက်ရှိပြီး ကျေးရွာစာကြည့်တိုက်များနှင့် အခြေခံပညာကျောင်းဆောင်သစ်များ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအခြေအနေများကို ဆွေးနွေးမေးမြန်းပြီး ပြည်သူများ အသိဗဟုသုတ တိုးပွားရန်အတွက် စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကို ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရေးနှင့် စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာ တိုးတက်စေရန်အတွက် စာငှားစနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စာသင်ကျောင်းဆောင်သစ်များကို စနစ်တကျအသုံးပြုပြီး ရေရှည်ခိုင်ခံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသည့် အသေးစားငွေကြေးလုပ်ငန်းများ ပိုမိုတိုးတက်ကျယ်ပြန့်စေရန်အတွက် ချေးငွေများကို သတ်မှတ်ချက်အတိုင်း မှန်ကန်စွာ ပြန်လည်ပေးဆပ်ရေးအပြင် ငွေပိုငွေလျှံရှိသည့် ပြည်သူများကလည်း လုပ်ငန်းတွင် ငွေစုဆောင်းခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးအတွက် အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ကြောင်းနှင့် ကုန်းကြီးကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရေးအတွက် ငွေကျပ် ငါးသိန်း၊ ရွှေလောင်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ် ငါးသိန်း၊ တနယ်ကျေးရွာ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၀ သိန်း၊ လှော်ကားကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ် ငါးသိန်း၊ ကံပေါက်ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ငါးသိန်းနှင့် နွယ်ရှောက်ကျေးရွာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်းတို့အပြင် ကျေးရွာများအတွက်အဝတ်အထည်များနှင့် စာကြည့်တိုက်များအတွက် သုတရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များတွင် အသုံးပြုရန် အင်ဂျင်နှစ်လုံး လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များတွင် အသုံးပြုရန် အသစ်ရောက်ရှိလာသော 350 HP Marine Diesel Engine (260 KW @ 1200 RPM) အင်ဂျင်နှစ်လုံး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အလုံသင်္ဘောကျင်း စက်ပြင်ဌာနခွဲအလုပ်ရုံ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဌာနမှူးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zibo Diesel Engine Palent Co., Ltd. Chief Engineer Mr. Huang Meng နှင့် တာဝန်ရှိသူများ၊ အင်ဂျင်အလှူရှင် ပုလဲမြေခရီးသွားလာရေးလုပ်ငန်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသူရစိုးနှင့်တာဝန်ရှိသူများ၊ အလုံသင်္ဘောကျင်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က Marine Diesel Engine နှစ်လုံးအား စမ်းသပ်တီထွင်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zibo Diesel Engine Palent Co., Ltd.မှ Chief Engineer Mr. Huang Meng ထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီးကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအင်ဂျင်နှစ်လုံး၏ ရန်ကုန်ဆိပ်ကမ်းအရောက် စုစုပေါင်းကုန်ကျတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က Marine Diesel Engine နှစ်လုံး စမ်းသပ်တီထွင်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zibo Diesel Engine Palent Co.,Ltd.မှ Chief Engineer Mr.Huang Meng ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးအတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အဋ္ဌနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **မူလတရားအဝိဇ္ဇာရှင်း** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၃၈)
- ၈:၄၅ Four FLAVOURS Show (Part-4)
- ၉:၄၀ သဃ်န်းကျွန်းမြို့နယ်သုဝဏ္ဏ (၂၄)ရပ်ကွက် သန္တာလမ်း မိသားစုရဲ့ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ပျော်ပွဲရွှင်ပွဲနှင့် (၁၁)ကြိမ်မြောက်နိဗ္ဗာန်ဈေးပွဲတော်
- ၉:၅၀ Movie Talk **ရုပ်ရှင်ထူးချွန်ဆုသမိုင်း** (ဒါရိုက်တာ-ကြည်စိုးထွန်း) (အပိုင်း-၃)
- ၁၀:၁၅ ပရိယတ္တိသာသနာတော်မြတ်အတွက် အာမိသပူဇာ
- ၁၀:၃၀ Activities in the City (STAMFORD CITY BUSINESS INSTITUTE သင်တန်းကျောင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ)
- ၁၀:၄၅ မဆုတ်မနစ်ကြိုးစားခဲ့သူများ၏ အောင်မြင်သောနေ့
- ၁၁:၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၃)
- ၁၂:၀၀ Activities in the City (Yangon Tractor in Assocition With Escort စာနယ်ဇင်းမိတ်ဆက်ပွဲ)
- ၁၂:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၅)
- ၁:၀၀ **မူလတရားအဝိဇ္ဇာရှင်း** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၃၈)
- ၃:၀၅ Activities in the City (ဘရင်းကြက်ပေါင်းရည်မှ ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာတစ်နိုင်ငံလုံး ပထမဆုရှင်အား ဂုဏ်ပြုပွဲ)
- ၃:၂၀ **MNL MYANMAR 2012 (Magwe FC Vs Yadanarbon FC) LIVE**
- ၅:၃၀ Activities in the City အထက(၃) ဒဂုံ (ယခင်မြို့မအမျိုးသမီးအထက်တန်းကျောင်း)၏ အာစရိယပူဇော်ပွဲ
- ၅:၄၀ ပုဂံမြေမှ သာသနာ့ဂုဏ်ဆောင်ငါးဆူဓာတ်ကိန်းရွှေပြည်ငြိမ်း
- ၆:၀၀ MRTV -4 သတင်း
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၆)
- ၇:၁၅ Four FLAVOURS Show (Part-5)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ Road To Life & Dance 10th Anniversary
- ၈:၄၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ငုံးဥနှင့်ဝက်သားစတူးနှင့် သရက်သီးမှည့်သုပ်)
- ၈:၅၅ Style ရှိမှ Star ဖြစ်မယ်
- ၉:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၃၉)
- ၁၀:၂၅ Fashion Week ရွှေကံ့ကော်ပိုးထည်တိုက်(အပိုင်း-၁)
- ၁၀:၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၄)
- ၁၁:၁၀ အနုပညာမိုးကောင်းကင်
- ၁၁:၃၀ သူတို့ပြောတဲ့သူတို့အကြောင်း (ဦးနန်းဝင်း) (အပိုင်း-၂)
- ၁၂:၁၅ အမျိုးသမီးများနှင့်သက်ဆိုင်သော အကြော၊အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ)
- ၁၂:၃၅ VJ Choice
- ၁:၁၀ သီးနှံစိုက်ပျိုးအထွက်တိုး **ဆောင်းရာသီပဲတီစိမ်းပန်းတိုင်**
- ၁:၂၀ Intellectual Talk (လက်ရှိမြန်မာနိုင်ငံရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၂ ခုနှစ်အတွက် ရာသီဥတုအလားအလာ) (ဒေါက်တာထွန်းလွင်၊ မျိုးမြတ်သူ)
- ၂:၀၀ SGED သက်ကြီးဆရာဝန်စောင့်ရှောက်ရေး
- ၂:၁၅ ဘဝများ (ဝဏ္ဏခွာနီး)
- ၂:၄၀ CUISTNE TIPS (ဂျပန်ရိုးရာပင်လယ်စာ HOT POT ပြုလုပ်နည်း)
- ၂:၄၅ ရှမ်းမြောက်မြေက··· မွေးကြိုင်သင်းပျံ့··· ဂူးလုံရနံ့
- ၂:၅၅ World of Knowledge (Ultimate Disaster: Earthquake)
- ၃:၄၅ ချောက်မြို့နှင့် (၄)မိုင်အကွာ···
- ၄:၀၀ နတ်လူသာစုခေါ်စေသော် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) ဒါရိုက်တာ-သော်ကိုကိုကျော်
- ၄:၂၀ မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
- ၄:၃၅ ဖူးမြော်စေချင်··· ထားဝယ်မြို့မှရှင်ကိုးရှင်
- ၅:၀၀ အစီအစဉ်ပြီး၏။

မြောက်ပိုင်းဒေသများတွင် ညအပူချိန်များတိုးလာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကယားပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့တွင် ၄ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့၊ ဟားခါးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၂၄ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၁၃ရက် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ထပ်လောင်းတောင်းဆို

ဆီရမ်ရိ ဇန်နဝါရီ ၁၂

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များနှင့် ပတ်သက်ပြီး သဘောတူညီချက်များ ရရှိပြီးနောက် ဇန်နဝါရီ ၁၁ ရက်၌ အဆုံးသတ်လိုက်ကြောင်း အစည်းအဝေးအပြီး ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ကိုရီးယားကျွန်းဆွယ်အရေး၊ တောင်တရုတ်ပင်လယ်အရေးနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်လာမှုများ ပါဝင်ကြောင်း ဖော်ပြထားသည်။

အထောက်အကူပြု

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးရေးကို ထပ်လောင်းတောင်းဆိုရန် သဘောတူညီခဲ့ကြသည်။ ထိုသို့ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးခြင်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် နီးနီးကပ်ကပ် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ကတိပြုသည့်အတွက် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကြားဝင်ဆောင်ရွက်ပေးနေမှုအခန်းကဏ္ဍကိုလည်း အဆုံးသတ်ရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက တောင်းဆိုရန် သဘောတူညီခဲ့ကြသည်။

တိုးတက်မှုများကိုကြိုဆို

မိမိတို့အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ် တိုးတက်မှုများကို ကြိုဆိုပါကြောင်း၊ ထို့ကြောင့် မြန်မာ့အရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံပြင်ပတွင် မည်သည့်နိုင်ငံတကာညီလာခံမှ ကျင်းပဖို့လည်း မလိုတော့ကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟုန်က ပြောကြားသည်။

ထောက်ပံ့ဖြည့်ဆည်း

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ၂၀၁၂ ခုနှစ်တွင် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်းအား အပြီးသတ်ရေးဆွဲရန် ကတိပြုခဲ့ကြသည်။ ထို့အပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အကူအညီများ ထောက်ပံ့ဖြည့်ဆည်းကာ ပူးပေါင်းဆောင်ရွက်ရေး၊ ပင်လယ်ရေကြောင်း လုံခြုံရေးနှင့်အခြားကိစ္စရပ် အများအပြားကိုလည်း ဆွေးနွေးခဲ့ကြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အာဆီယံရထားလမ်းအတွက် ဥမင်လိုဏ်ခေါင်း တရုတ်နိုင်ငံဖောက်လုပ်ပြီးစီး

ကူမင်း ဇန်နဝါရီ ၁၂

အရှေ့တောင်အာရှနိုင်ငံများ အသင်းဝင်နိုင်ငံများသို့ အရောက်သွားနိုင်မည့် မဟာရထားလမ်းအတွက် တရုတ်နိုင်ငံက ဥမင်လိုဏ်ခေါင်းရှည်တစ်ခုကို ဖောက်လုပ်ပြီးစီးသွားပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

ဆောက်လုပ်ရေးလုပ်သား ၁၀၀၀ နီးပါးဖြင့် ခြောက်နှစ်ကြာလုပ်ကိုင်ခဲ့ရသော ယူနန်ပြည်နယ်ရှိ ၁၀ ကီလိုမီတာရှည် ဥမင်လိုဏ်ခေါင်းကို ဇန်နဝါရီ ၁၁ ရက်က ဖောက်လုပ်ပြီးစီးသည်ဟု သိရသည်။ **(အပေါ်ပုံ)**

အာရှတစ်ဝန်းလုံးဖြတ်မည့် နိုင်ငံတကာရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ အရှေ့ပိုင်းဖြစ်သော ၁၄၁ ကီလိုမီတာရှည်သည့် ယူဆီ-မင်ဇီရထားလမ်းတည်ဆောက်မှုတွင် ဤဥမင်လိုဏ်ခေါင်းမှာ အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။ ရထားလမ်းသည် ယခုနှစ်နှောင်းပိုင်းတွင် စတင်အသုံးချနိုင်ဖွယ်ရှိပြီး တရုတ်ပြည်နှင့် အာဆီယံနိုင်ငံများအကြား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း** မိုးမြင့်လင်းလက် - စုစည်းသည်

ဘင်္ဂလားဒေ့ရှ်၌ ကျေးလက်နေအိမ်တစ်သန်းကျော် ယခုနှစ်၌ ဆိုလာပြားများ တပ်ဆင်မည်

ဒါကာ ဇန်နဝါရီ ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် ၂၀၁၂ ခုနှစ်၌ အိမ်ပေါင်းတစ်သန်းကျော်အား နေစွမ်းအင်သုံးစွဲနိုင်ရန်အတွက် ဆိုလာပြားများ တပ်ဆင်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ထိုသို့ ဆိုလာပြားများတပ်ဆင်ရာတွင် အထူးသဖြင့် ကျေးလက်ဒေသများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ဇန်နဝါရီ ၁၂ ရက်၌ ပြောကြားသည်။



ထောက်ပံ့

အိမ်များ၌ ဆိုလာပြားများ တပ်ဆင်ရေးတွင် နိုင်ငံပိုင်အိုင်ဒီကိုးလ်ကုမ္ပဏီက ထောက်ပံ့ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

အိမ်များကို ဆိုလာပြားများတပ်ဆင်ရာတွင် တစ်အိမ်လျှင်အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၈၀ ခန့် ကုန်ကျမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အိမ်များတွင် ဆိုလာပြားများတပ်ဆင်ပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲရန်မလိုတော့ဘဲ နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏ ၃၇၅ ကီလိုဂရမ်ကိုလည်း လျှော့ကျစေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရက အိုင်ဒီကိုးလ်ကုမ္ပဏီကို ၁၉၉၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး နိုင်ငံတစ်ဝန်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်ယူသုံးစွဲနိုင်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ) (အင်တာနက်)**

ဖို့ဒ်ကုမ္ပဏီထုတ် ကားစီးရေ ၄၅၀၀၀၀ ခန့် ပြန်လည်သိမ်းဆည်းမည်

နယူးယောက် ဇန်နဝါရီ ၁၂

အမေရိကန်နိုင်ငံမှ ဖို့ဒ်မော်တော်ကားကုမ္ပဏီသည် မီနီဗင်နှင့်ပြိုင်ကားအမျိုးအစားကားစီးရေ ၄၅၀၀၀၀ ခန့်ကို ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(ယာပုံ)**

ပြန်လည်သိမ်းယူ

ထိုကားများကို ပြန်လည်သိမ်းယူခြင်းမှာ ယာဉ်၏ ကွန်ဗာတာပိုင်းနှင့် ရှပ်တံများ မကောင်း၍ဖြစ်ကြောင်း၊ ယင်းကြောင့် ပါဝါပြတ်တောက်မှုများ ဖြစ်ပေါ်ပြီး ယာဉ်တိုက်မှု၊ မီးလောင်မှုစသည့် ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်၍ ဖြစ်ကြောင်း ဖို့ဒ်မော်တော်ကားကုမ္ပဏီက ပြောကြားသည်။

ပြန်လည်သိမ်းယူမည့် ကားများတွင် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်ထုတ် မော်ဒယ်ဖို့ဒ် ဖရီးစတားနှင့် မာကျူရီ မွန်တာရီဗင်ကားစီးရေ ၂၀၆၀၀၀ ခန့်ကိုလည်း ပြန်လည် သိမ်းယူမည်ဖြစ်သည်။ **(အင်တာနက်)**

ဩစတြေးလျနိုင်ငံ အနောက်ပိုင်းကမ်းခြေသို့ ဟိုင်ဒီမုန်တိုင်းတိုက်ခတ်

ဆစ်ဒနီ ဇန်နဝါရီ ၁၂

ဩစတြေးလျနိုင်ငံအနောက်ပိုင်းကမ်းခြေဒေသကို ဖြတ်သန်းကာ ဟိုင်ဒီအမည်ရှိ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဇန်နဝါရီ ၁၂ ရက် နံနက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်ခြင်း၊ လေပြင်းများကြောင့် ရေလှိုင်းကြီးများ ကမ်းခြေသို့ ရိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း ဩစတြေးလျရုပ်မြင်သံကြားသတင်းဌာန အေဘီစီက သတင်းထုတ်ပြန်သည်။

ယင်းမုန်တိုင်းသည် ပို့ဟက်လန်းမြို့နှင့်ဝန်းကျင်ဒေသကို ဝင်ရောက်တိုက်ခတ်မှုကြောင့် လမ်းများပေါ်တွင် ရေလွှမ်းမှုများဖြစ်ပွားပြီး အိမ် ၂၀၀၀ ခန့် ဓာတ်အားများ ပြတ်တောက်လျက်ရှိသည်။ အဆိုပါ မုန်တိုင်းသည် ဇန်နဝါရီ ၁၂ ရက် နံနက် ၄ နာရီ မိနစ် ၃၀ ခန့်က စတင်ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပါဒိုးနှင့် ဝမ်ခရစ်ခ်ဒေသများတွင် အနီရောင်အဆင့်သတိပေးချက်များ ထုတ်ပြန်ထားသည်။

ဩစတြေးလျနိုင်ငံ ဆိုင်ကလုန်းမုန်တိုင်းသတိပေးဌာနမှ သတင်းထုတ်ပြန်ရာတွင် ပို့ဟက်လန်းဒေသ အရှေ့ပိုင်းနှင့် ပီလ်ဘာရာဒေသကို ဖြတ်သန်းကာ မုန်တိုင်းဆက်လက်တိုက်ခတ်နိုင်ကြောင်း၊ တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ နှုန်း ဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံတောင်ဘက်သို့ ဆက်လက်ရွေ့လျားသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၂-၁-၂၀၁၂

>> တင်မောင်လွင် - စုစည်းသည် <<

ပြန်ပေးဆွဲခံထားရသည့် အိန္ဒိယသင်္ဘောသား ၁၇ ဦး လွတ်မြောက်

ပြီးခဲ့သည့် ၁၀လက ဆိုမာလီပင်လယ်ဓားပြများ အပိုင်စီးသွားသည့် အီတလီရေနံတင်သင်္ဘောပေါ်မှ ဖမ်းဆီးသွားသည့် အိန္ဒိယနိုင်ငံသား ၁၇ ဦးကို ၎င်းတို့၏နိုင်ငံအတွင်းသို့ ပြန်လည်ပို့ပေးခဲ့ကြောင်း ဇန်နဝါရီ ၁၁ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဆိုမာလီပင်လယ်ဓားပြများသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလကလည်း စီးနင်းတိုက်ခိုက်မှုတစ်ခုအတွင်း အီတလီနိုင်ငံသား ငါးဦးနှင့်အိန္ဒိယနိုင်ငံသား ၁၇ ဦး၏ ပြန်ပေးဆွဲမှုမှ ဒေါ်လာသန်းနှင့်ချီရရှိခဲ့သည်ဟု ဆိုသည်။ ပင်လယ်ဓားပြများ ဖမ်းဆီးခံရစဉ်အတွင်း အစားအစာနှင့် ရေရရှိမှုကို အပြင်းအထန်ကြိုးစားခဲ့ရကြောင်း လွတ်မြောက်လာသည့် ဓားစာခံများက ပြောကြားသည်။ အဆိုပါ ဓားပြမှုများသည် အာဖရိကဦးချိုဖျားဒေသတွင် အလွန်အဖြစ်များပြီး ဥရောပ-အာရှကြားရေကြောင်းလမ်းမှ သင်္ဘောသွားလာမှုများကိုလည်း နှောင့်ယှက်လေ့ရှိကြသည်။ သင်္ဘောပိုင်ရှင်များကလည်း သင်္ဘောပြန်လည်လွတ်မြောက်ရေးအတွက် ငွေပမာဏအမြောက်အမြားကို ပေးခဲ့ကြရသည်။

မက္ကဆီကိုနိုင်ငံ၌ မူးယစ်ဆေးဝါးကြောင့် လူအများအပြားသေဆုံး

မက္ကဆီကိုနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအထိအချိန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့်ရာဇဝတ်မှုများကြောင့် စုစုပေါင်း လူ ၄၇၅၁၅ ဦးသေဆုံးခဲ့ကြောင်း အစိုးရရှေ့နေအရာရှိတစ်ဦးက ဇန်နဝါရီ ၁၁ ရက်၌ ထုတ်ဖော်ပြောကြားသည်။

၂၀၁၀ ခုနှစ် ပထမကိုးလအတွင်း မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲမှုကြောင့် သေဆုံးသူဦးရေသည် ၁၂၉၀၃ ဦးရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်က ယခုအချိန်ထိ သေဆုံးသူ ၁၁၅၈၃ ဦးထက် ၁၁ ရာခိုင်နှုန်း ပိုတိုးလာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် အများဆုံးသေဆုံးသည့်လမှာ ဧပြီလဖြစ်ပြီး တစ်လအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် လူ ၁၆၃၀ သေဆုံးခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ မက္ကဆီကိုတွင် မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားမှုများ ထူပြောမှုကြောင့် နှစ်စဉ် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်ပြီး လူထောင်ကျော် သေဆုံးလျက်ရှိသည်။ ပြီးခဲ့သည့်နှစ်က သေဆုံးသူ ၇၀ ရာခိုင်နှုန်းကျော်သည် မက္ကဆီကိုနိုင်ငံရှိ ၃၂ ပြည်နယ်အနက် ရှစ်ပြည်နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူသတ်မှုအများဆုံးမှာ မူးယစ်ဂိုဏ်းအဖွဲ့အစည်းများအကြား ပြိုင်ဆိုင်မှုကြောင့်ဖြစ်သည်ဟုဆိုသည်။

နယူးဇီလန်ကမ်းလွန်၌ တောင်ကိုရီးယားငါးဖမ်းသင်္ဘောမီးလောင်

နယူးဇီလန်နိုင်ငံကမ်းလွန် အန္တာတိကရေပြင်တွင် တောင်ကိုရီးယားငါးဖမ်းသင်္ဘောတစ်စင်း ဇန်နဝါရီ ၁၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ၎င်းသင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေသော ဗီယက်နမ်သင်္ဘောသားသုံးဦးသေဆုံးခဲ့ကြောင်း နယူးဇီလန်အရာရှိများက ဇန်နဝါရီ ၁၂ ရက်၌ ပြောကြားသည်။ အဆိုပါ ငါးဖမ်းသင်္ဘောသည် နယူးဇီလန်နိုင်ငံကမ်းလွန် မိုင် ၂၀၀၀ ခန့်အကွာ ရေပြင်၌ မတော်တဆမီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းသင်္ဘောမှ ဒဏ်ရာရသူသင်္ဘောသားခုနစ်ဦးတို့အား အမေရိကန်သုတေသနသင်္ဘောတစ်စင်းက သွားရောက်ကယ်ဆယ်ခဲ့ပြီး နယူးဇီလန်နိုင်ငံ ခရစ်ချပ်မြို့ဆေးရုံသို့ တင်ပို့ပေးထားသည်။

သင်္ဘောသားများအားလုံးမှာ ဗီယက်နမ်နှင့်အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ကြပြီး အန္တာတိက ရေပြင်၌ သုတေသနပြုလုပ်နေသော နာသန်နေးလ်ဘီပါလ်မာ အမည်ရှိသင်္ဘောက မီးလောင်နေသော တောင်ကိုရီးယားငါးဖမ်းသင်္ဘောထံ သွားရောက်ကာကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ယခု မီးလောင်မှု ဖြစ်ပွားခဲ့သော ဂျောင်ဝူ-၂ အမည်ရှိ တောင်ကိုရီးယား ငါးဖမ်းသင်္ဘောသည် အန္တာတိကရေပြင်တွင် ပျက်နေသော ဂျောင်ဝူ-၃ အမည်ရှိ တောင်ကိုရီးယားသင်္ဘောတစ်စင်းအား ဆွဲယူရန် ခုတ်မောင်းစဉ်မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ ဖူကူရှီးမား၌ ငလျင်လှုပ်

ဂျပန်နိုင်ငံ ဖူကူရှီးမားဒေသတွင် ဇန်နဝါရီ ၁၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ဝန်းကျင်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း ဂျပန်မိုးလေဝသဌာနက ထုတ်ပြန်ကြေညာသည်။ အဆိုပါငလျင်သည် မြောက်လတ္တီတွဒ် ၃၆ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၄၁ ဒသမ ၃၂ ဒီဂရီ၊ မြေအောက်အနက် ကီလိုမီတာ ၂၀ ၌ ဗဟိုပြုလှုပ်ခတ်သွားခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

မြန်မာ့အလင်း ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ

ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘော နိုင်ငံခြားသားခရီးသွားများပြားလာ

ရန်ကုန် ဇန်နဝါရီ ၁၂

ယခုနှစ်ဆန်းပိုင်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပန်းဆိုးတန်း-ဒလ ကူးတို့ဆိပ်ကမ်း၌ သင်္ဘောစီး၍ သွားလာသော နိုင်ငံခြားသားခရီးသွားများ ပိုမိုများပြားလာသည်။ **(အပေါ်ပုံ)** ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီခွဲက ဒလမှ ပန်းဆိုးတန်းဘက်ကူးသော ကျန်စစ်သားသင်္ဘော(ဇက်)ပေါ်၌ ဂျာမနီနိုင်ငံသားသုံးဦးနှင့် နိုင်ငံသူ ၁၀ ဦးအဖွဲ့အား ရန်ကုန်မြစ်နှင့် ဆိပ်ကမ်းအလှများကို တဖျပ်ဖျပ်ဓာတ်ပုံရိုက်၍ လိုက်ပါလာကြသည်ကို တွေ့ရှိရသည်။

"ဒီနိုင်ငံသားတွေက ဂျာမနီကပါ။ ဒလမြို့ထဲ လှည့်လည်လေ့လာပြီး ပြန်လာတာပါ။ ယခုနှစ်ဦးပိုင်းမှာ နိုင်ငံခြားသားခရီးသွားတွေ ယခင်ကထက် မြန်မာနိုင်ငံထဲ အဝင်များ လာပါတယ်။ ဒါကြောင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ပိုရရှိလာမှာ ဖြစ်ပါတယ်'ဟု ပို့ဆောင်ပေးသူ စကားပြန်မှ ပြောသည်။

ထိုရေကြောင်းပို့ဆောင်ရေးကူးတို့ဆိပ်တွင် သွားလာကြသော နိုင်ငံခြားခရီးသွားဦးရေမှာ ဇန်နဝါရီ ၁ရက်မှ ၇ရက်အထိ ၆၇၀ ဦးရှိပြီး ကိုရီးယား၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ဩစတြေးလျနိုင်ငံများမှ ပိုများကြောင်း ထိုရုံးမှတ်တမ်းအရ သိရှိရသည်။

"ဒီနှစ်ဆန်းမှာ ကူးတို့ဆိပ်ကမ်းမှာ နိုင်ငံခြားသားခရီးသွားလာမှု ခါတိုင်းထက် ပိုမို များပြားလာတယ်။ ဒါကြောင့် ဒီရေကြောင်းပို့ဆောင်ရေးက နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာတယ်" ဟု ထိုဆိပ်ကမ်းလက်မှတ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ သင်္ဘောစီးခနှုန်းမှာ သာမန်ခရီးသွားပြည်သူတစ်ဦးလျှင် ကျပ် ၅၀ ဖြစ်ပြီး နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် အသွားအပြန်အပြီး သင်္ဘောခနှုန်း အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာ (သို့) ကျပ်နှစ်ထောင်ဖြစ်ကြောင်း သိရှိရသည်။ **(၁၅၀)**

ကားတင်သွင်းခွင့်ရသူ သင်္ဘောသားများ ကန့်သတ်ချက်အချို့ ဖြေလျှော့စေချင်

ရန်ကုန် ဇန်နဝါရီ ၁၂

ကားတင်သွင်းနိုင်ရန် အခွင့်အရေးရရှိသည့် သင်္ဘောသားများအဖို့ အမှန်တကယ် တင်သွင်းနိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ချက်များအား ပြင်ပကားပါမစ် တင်သွင်းသူများကဲ့သို့ပင် ဖြေလျှော့မှုများ ပြုလုပ်ပေးရန် လိုလားလျက်ရှိကြောင်း သင်္ဘောသား အသိုင်းအဝိုင်းမှ သိရှိရသည်။

အကောင်အထည်ဖော်

"ကားတင်သွင်းခွင့် ရနိုင်တယ်ဆိုတော့ အမှန်တကယ်ကို ပျော်ရွှင်ခဲ့ရပါတယ်။ ဒါပေမယ့် သင်္ဘောသားအများစုက ဘဏ်ထဲမှာငွေကို ဖြည့်နိုင်တယ် ပဲထား၊ ကိုယ်ဝယ်မယ့်ကားတန်ဖိုးရဲ့နှစ်ဆကို ထည့်သွင်းရမယ်ဆိုတဲ့ သတ်မှတ်ချက်ကို သင်္ဘောသားအများစုက လိုက်နာချင်သော်လည်း အခက်အခဲ ဖြစ်လျက်ရှိပါတယ်။ ပုံမှန်သင်္ဘောသား တစ်ယောက်အနေနဲ့ ဒေါ်လာတစ်သောင်းခွဲသွင်းနိုင်တယ်ပဲထားပါဦး။ သူပြန်သွင်းရမယ့်ကားတွေထဲမှာ ၂၀၀၆ မော်ဒယ်အထက်ဆိုတဲ့အတွက် အမေရိကန်ဒေါ်လာ ၇၀၀၀ ကျော်တန်လောက်ပဲ သွင်းနိုင်မှာဖြစ်တဲ့အတွက် သူ့အနေနဲ့ မော်ဒယ်မြင့်ကားတွေအမှန်တကယ် စီးနိုင်ဖို့ဆိုတာတော်တော်ကို ခက်ခဲပါတယ်။ မော်ဒယ်မြင့် ကားတွေကို သွင်းချင်တဲ့ ငွေထုပ်ရှိတဲ့သင်္ဘောသားအနေနဲ့ ဘဏ်ထဲကို ဒေါ်လာ ငါးသောင်းသွင်းပြီး ဒေါ်လာနှစ်သောင်းခွဲတန် ကားတင်သွင်းဖို့ရှိပေမယ့် သင်္ဘောသား အနည်းငယ်သာအကောင်အထည်ဖော်နိုင်တာပါ။ကျွန်တော့်လေလံကား ဈေးကွက်ထဲမှာ ရှားမှရှား စာရင်းဝင် ဒေါ်လာငါးထောင်ကနေ တစ်သောင်းကြားက မော်ဒယ်ကန့်သတ်ချက်ကားတွေကို ဘဏ်ထဲငွေ ထည့်ပြီးသား သင်္ဘောသားတွေအနေနဲ့ ရှာရတာ အလွန်မှခက်ခဲလာပါတယ်" ဟု သင်္ဘောသားသက်တမ်း အနှစ် နှစ်ဆယ်နီးပါးရှိ ဝါရင့်သင်္ဘောသားတစ်ဦးက ရင်ဖွင့်ပြောကြားပါတယ်။

လျှော့ပေးစေချင်

"ကိုယ်ကကြားကြားချင်း ကိုယ့်မှာရှိတဲ့ ဒေါ်လာတစ်သောင်းပြေးထည့်ပြီး လုပ်ထုံးလုပ်နည်းတွေ ဆက်တိုက်လုပ်တာပေါ့။ သတိမထားမိတဲ့အချက်က ကိုယ့်ထည့်သွင်းထားတဲ့ ငွေပမာဏနဲ့ဆိုရင် ကိုယ်တကယ်သွင်းလိုတဲ့ကားကို ရဖို့မလွယ်ဘူး ဆိုတာပဲ။ နောက်ထပ်ဘဏ်ထဲကို ထပ်ထည့်မယ်ဆိုတော့လည်း မရတော့ဘူးလေ။ ဖြစ်နိုင်ရင်တော့ တင်သွင်းခွင့်ပြုမယ့် မော်ဒယ်ခုနှစ်တွေ လျှော့ပေးစေချင်ပါတယ်"ဟု ပါမစ်စောင့်ဆိုင်းနေသူ သင်္ဘောသားတစ်ဦးက ပြောကြားသည်။

ချထားပေးမည်

လက်ရှိတွင် ပင်လယ်ကူးသင်္ဘောသားများအား ကားတင်သွင်းခွင့်ပါမစ် ၃၀၀ ကျော် ချထားပေးပြီးဖြစ်ကာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လျှောက်လွှာများကိုလည်း ဆက်လက်ချထားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၅၀)**

နှစ်ဖက်သောမိဘများအား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ်နေ ဦးချစ်နိုင်-ဒေါ်မိုးမိုးခိုင်၊ သမီးမအိကြာဖြူ၊ သားမောင်ကျော်ဇင်သိုက်၊ ညီမ မလဲ့လဲ့နိုင် မိသားစုက ဇန်နဝါရီ ၅ ရက်တွင် ရွှေတိဂုံစေတီ ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့မှူး ဦးမျိုးမြင့် လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အထက(၁)မှော်ဝန်းရတနာ ရန်ပုံငွေအတွက် ဦးကြိုင်(ခရမ်း)နှင့် အလှူရှင်တို့က စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကို အလှူရှင်များ၏ကိုယ်စား ကျောက်တန်းမြို့နေ ဦးချန်စိန်က ပေးအပ်လှူဒါန်းရာ အထက(၁) မိဘဆရာအသင်း နာယက ဦးချစ်ရွှေနှင့် အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ထွေးခင်တို့ လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

◆ ကျောဖုံးမှ

ပါပူဝါနယူးဂီနီနိုင်ငံသစ်တောများတွင် ကမ္ဘာ့အသေးငယ်ဆုံးဖားမျိုးစိတ်များ ကျက်စားရာဒေသဖြစ်ရာ ယခုတွေ့ရှိရသော ဖားမျိုးစိတ်ကိုအခြေခံကာ လေ့လာသုတေသနပြုမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ယခင်က အင်ဒိုနီးရှား၌ တွေ့ရှိခဲ့ရသော ကမ္ဘာ့အသေးဆုံးဟု ထင်မှတ်ခဲ့သည့် ဖားမျိုးစိတ်မှ ဖားတစ်ကောင်၏ အရှည်မှာ ၇ ဒသမ ၉ မီလီမီတာမှ ၁၀ ဒသမ ၃ မီလီမီတာရှိကြောင်း၊ ယခုတွေ့ရှိရသော ဖားငယ်မှာ ကမ္ဘာပေါ်၌ အသေးငယ်ဆုံးဖြစ်ကြောင်း သိရှိရသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ ➤ စုစည်းသည်

စပိန် ကိုပါဖလားဘောလုံးပြိုင်ပွဲ ဆီဗီလာ၊ လီဗန်တေးနှင့် အက်စ်ပန်ညိုတို့ကွာတားတက်ပြီ

မက်ဒရစ် ဇန်နဝါရီ ၁၂

စပိန်ကိုပါဖလားဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၂ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ လီဗန်တေးနှင့် အယ်ကော်ကွန်တို့ပွဲတွင် လီဗန်တေးက လေးဂိုးပြတ် အနိုင်ရရှိပြီး အက်စ်ပန်ညိုနှင့် ကော်ဒိုဘာတို့ပွဲတွင် အက်စ်ပန်ညိုက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆီဗီလာနှင့် ဗလင်စီယာတို့ပွဲတွင် ဆီဗီလာက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(ဝဲပုံ)**

သွင်းယူနိုင်ခဲ့

ဆီဗီလာနှင့် ဗလင်စီယာတို့ပွဲတွင် ဆီဗီလာတို့ ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဧည့်သည် ဗလင်စီယာအသင်းမှ ဆိုလ်ဒါဒိုက ပွဲချိန် ၆၆ မိနစ်၌ ဖွင့်ဆော်ဦးဂိုးကို သွင်းယူပြီးမှ ပွဲချိန်မိနစ် ၇၀ ၌ ဆီဗီလာမှ ရာကီကစ်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော် ပွဲချိန် မိနစ် ၉၀ ၌ ဗလင်စီယာမှ ရိုဇ်က ဘောလုံးရှင်းထုတ်ရင်းဂိုးဝင်သွားသဖြင့် ဆီဗီလာတို့ ကံကောင်းစွာနိုင်ခဲ့ခြင်းဖြစ်သည်။ ဆီဗီလာတို့ ယခုပွဲ၌ အနိုင်ရရှိသဖြင့် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုးစီဖြစ်နေသော်လည်း အဝေးကွင်း ဂိုးကွာခြားချက်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

လီဗန်တေးနှင့် အယ်ကော်ကွန်တို့ပွဲတွင် လီဗန်တေးအတွက်ဂိုးများကို ၂၃ မိနစ်၌ ဘာကာရို၊ ၄၅ မိနစ်၌ ဆယ်ဗာဒေါ၊ ၅၂ မိနစ်၌ အီဘိုင်ရာနှင့် ၆၆ မိနစ်၌ ဆွာရက်ဇ်တို့က သွင်းယူပေးခဲ့သဖြင့် လီဗန်တေးတို့ လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိသဖြင့် လီဗန်တေးတို့ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-နှစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

ဟက်ထရစ်ရရှိ

တစ်ဖန် အက်စ်ပန်ညိုနှင့် ကော်ဒိုဘာအသင်းတို့ပွဲတွင် အက်စ်ပန်ညိုအတွက် ဂိုးများကို ပွဲချိန် ၉ မိနစ်၊ မိနစ် ၂၀ နှင့် ၈၈ မိနစ်တို့၌ ဗက်စ်ကွက်ဇ်တစ်ဦးတည်း သုံးဂိုးသွင်းကာ ဟက်ထရစ်ရရှိခဲ့ပြီး ပွဲချိန် ၃၅ မိနစ်၌ ဗီလာကတစ်ဂိုးသွင်းယူခဲ့သဖြင့် အက်စ်ပန်ညိုက လေးဂိုးရရှိခဲ့သည်။ ကော်ဒိုဘာအတွက် ချေပဂိုးများကို မိနစ် ၄၀ ၌ အကွီလာနှင့် ၄၉ မိနစ်၌ ဒိုင်ရက်ဇ်တို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ ယခုပွဲ အက်စ်ပန်ညိုတို့အနိုင်ရရှိသဖြင့် နှစ်ကျော့ပေါင်း ငါးဂိုး-လေးဂိုးဖြင့် ကွာတားဖိုင်နယ်တက်ရောက်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

မီတာ ၁၀၀ အပြေးစံချိန်ရှင် အူစိန်ဘော့ အော်စလိုပြေးခုန်ပစ်၌ ယှဉ်ပြိုင်မည်

ပါရီ ဇန်နဝါရီ ၁၂

အိုလံပစ်ရွှေတံဆိပ် သုံးဆုဆွတ်ခူးထားသည့် ဂျမေကာနိုင်ငံသား အပြေးသမားအူစိန်ဘော့က နော်ဝေနိုင်ငံ၌ကျင်းပမည့် အော်စလိုအားကစားပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲရန် မိမိလေ့ကျင့်နေပြီဖြစ်ကြောင်း၊ ယခုယှဉ်ပြိုင်ခြင်းသည် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲကို ကြိုတင်ပြင်ဆင်မှုဖြစ်ကြောင်း ဇန်နဝါရီ ၁၂ ရက်၌ ပြောကြားသည်။

အသက် ၂၅ နှစ်အရွယ်ရှိ အူစိန်ဘော့ (ဝဲပုံ) သည် မီတာ ၁၀၀ နှင့် မီတာ ၂၀၀ အပြေးပြိုင်ပွဲများ၌ ကမ္ဘာ့စံချိန်တင်ထားသူဖြစ်သည်။ ထို့အတူ ၂၀၁၁ ဒေဂူပြေးခုန်ပစ်ပြိုင်ပွဲ၌လည်း ဗိုလ်စွဲထားသူဖြစ်သည်။

အော်စလိုအားကစားပြိုင်ပွဲကိုလာမည့် ဇွန်လ ၇ ရက်၌ အော်စလိုမြို့တွင် ကျင်းပမည်ဖြစ်သည်။ မိမိသည် မီတာ ၁၀၀ အပြေးစံချိန်ကို ထပ်မံချိုးနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိသည် ဒဏ်ရာရရှိမှုမရှိကြောင်း၊ ကြံ့ခိုင်မှုပြည့်ဝလျက်ရှိကြောင်း အူစိန်ဘော့က ပြောကြားသည်။ ဂျမေကာ အပြေးသမားအူစိန်ဘော့သည် ပေကျင်းအိုလံပစ်၌ ရယူထားသောရွှေတံဆိပ်သုံးဆုကို လာမည့် ၂၀၁၂ လန်ဒန် အိုလံပစ်တွင် ကာကွယ်ရန် ယခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်လေ့ကျင့်နေခြင်းဖြစ်သည်။ (အင်တာနက်)

အလေးမသမား ပီတာကီရာဘရစ် လန်ဒန်အိုလံပစ်၌ရွှေတံဆိပ်ရယူမည်



လန်ဒန် ဇန်နဝါရီ ၁၂

ဓနသဟာယအားကစားပြိုင်ပွဲ၌ ငွေတံဆိပ်ရရှိထားသည့် စကော့တလန်အလေးမသမား ပီတာကီရာဘရစ်က ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲဆင်နွှဲရန်အတွက် လေ့ကျင့်မှုပြုလုပ်လျက်ရှိရာ အလေးချိန် ၃၂၀ ကီလိုဂရမ်ကို မနိုင်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

၁၄ လကြာမျှ ဒဏ်ရာရရှိနေသော ပီတာကီရာဘရစ်သည် တောင်အာဖရိကနိုင်ငံတွင် ကျင်းပခဲ့သည့် ဓနသဟာယအားကစားပြိုင်ပွဲအပြီး ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သူဖြစ်သည်။ ထို့ကြောင့် ယင်းပြိုင်ပွဲ၌ ငွေတံဆိပ်သာဆွတ်ခူးနိုင်ခဲ့သည်။ အသက် ၁၇ နှစ်အရွယ်သာရှိသေးသည့် ပီတာကီရာဘရစ်သည် ယခုအခါ ဒဏ်ရာသက်သာပျောက်ကင်းနေပြီဖြစ်ရာ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်လျက်ရှိသည်။ မိမိသည် ၂၀၁၂ လန်ဒန် အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်မည်ဟု ယုံကြည်နေကြောင်း ပီတာကီရာဘရစ်က ပြောကြားသည်။ **(အင်တာနက်)**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ခုတင် (၅၀)ဆံ့ ဆေးရုံသစ်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၂

နေပြည်တော် ဥတ္တရသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံသစ်ဖွင့်ပွဲနှင့် ဆေးရုံသစ်နှင့် သက်ဆိုင်သည့် အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံဝင်းအတွင်း၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီ မိနစ် ၂၀တွင် အဆိုပါဆေးရုံမျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့် မြို့မိမြို့ဖ ဦးလှသိန်းဆွေတို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် ဆေးရုံသစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော် ကောင်စီဝင်များက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဆေးရုံသစ်အတွင်းရှိ ပြင်ပလူနာဆောင်၊ ကုသဆောင်၊ ခွဲစိတ်ဆောင်နှင့် သားဖွားဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဆေးရုံသစ်နှင့် သက်ဆိုင်သည့် အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့က ဆေးရုံသစ်ဖွင့်လှစ်ပေးရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဦးကံချွန်က ဆေးရုံသစ်နှင့် သက်ဆိုင်သည့် အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းနိုင်ဦးထံ လွှဲပြောင်းပေးအပ်ပြီး အောင်ချမ်းသာကုမ္ပဏီ ဒါရိုက်တာ ဒေါက်တာကြည်မောင်ဆွေက ငွေကျပ် သိန်း ၁၇၀ တန်ဖိုးရှိ ဆေးရုံသုံး ပရိဘောဂပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၂၀တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောသက်လျှာအောင်က လက်ခံသည်။

ယင်းနောက် မြို့မိမြို့ဖ ဦးကျော်မင်းဇော်က ခုတင် (၅၀)ဆံ့ ဆေးရုံသစ်တည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တာဝန်ယူဆောင်ရွက်

ယနေ့ဖွင့်လှစ်လိုက်သည့် ခုတင်(၅၀)ဆံ့ ဆေးရုံသစ်သည် ဥတ္တရသီရိမြို့နယ် ဇဝနသီဒ္ဓိရပ်ကွက် မင်းဘူးလမ်းတွင် တည်ရှိပြီး မြေဧရိယာ ၇ ဒသမ ၆၄ ဧကကျယ်ဝန်းကာ ပြင်ပလူနာဆောင်၊ ကုသဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားဆောင်၊ ဆေးရုံအုပ်ကြီးနေအိမ်၊ လက်ထောက်ဆရာဝန်နေအိမ်၊ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ရှစ်လုံးပါဝင်သည်။ နိုင်ငံတော်က ငွေကျပ် သိန်းပေါင်း နှစ်သောင်းငါးထောင်ကျော် အကုန်ကျခံကာ အောင်ချမ်းသာကုမ္ပဏီက ၂၀၁၀ ခုနှစ် ဩဂုတ်လကစတင်၍ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဥတ္တရသီရိမြို့နယ်တွင် ခုတင်(၅၀၀)ဆံ့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံ၊ ခုတင်(၅၀၀)ဆံ့ အရိုးအထူးကုဆေးရုံ၊ ခုတင်(၅၀၀)ဆံ့ အမျိုးသမီး ရောဂါအထူးကုဆေးရုံနှင့် ခုတင်(၅၀၀)ဆံ့ ကလေးအထူးကုဆေးရုံတို့ကို နိုင်ငံတော်က ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် မြို့မိမြို့ဖ ဦးလှသိန်းဆွေတို့က ဥတ္တရသီရိမြို့နယ် ခုတင် (၅၀)ဆံ့ ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အမေရိကန်အောက်လွှတ်တော်အမတ်နှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၂

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အမေရိကန်အောက်လွှတ်တော် အမတ် Mr.Joseph F.Crowley နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်မှုများနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ထိုသို့ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အလုပ်သမားအဖွဲ့အစည်းဥပဒေကို လအနည်းငယ်အတွင်း အာဏာသက်ရောက်လာနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားရေးတို့အတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားကွင်း/အားကစားရုံများ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းမပေါ်ရှိ အားကစားဝန်ကြီးဌာန စက်ဘီးလေ့ကျင့်ရေး ကွပ်ကဲမှုရုံး မြေနေရာ၌ ရုံးအဆောက်အအုံဆောက်လုပ်နေမှုများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲကျင်းပမည့် အားကစားကွင်းနှင့်ပွဲကြည့်စင် ဆောက်လုပ်ရေး လုပ်ငန်းများနှင့် နေပြည်တော် ဘော်လီဘောအားကစားပြိုင်ဝင်းအတွင်း တည်ဆောက်လျက်ရှိသော လက်ဝှေ့လေ့ကျင့်ရေး အားကစားရုံ၊ နေပြည်တော် ဘတ်စကက်ဘောအားကစားပြိုင်ဝင်းအတွင်း တည်ဆောက်နေသော ဖူဆယ်ဘောလုံးအားကစားလေ့ကျင့်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်လယ်ဝေးမြို့နယ် အားကစားကွင်း အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ဘောလုံးကွင်းအောက်ခံရေစစ်မြောင်းဖောက်လုပ်ထားရှိမှု၊ မိုးလုံလေလုံ အားကစားလေ့ကျင့်ရေးရုံ နှစ်ရုံတည်ဆောက်နေမှုနှင့်နှစ်ထပ်ပွဲကြည့်စင်တိုးချဲ့ ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေကြာပင်ရပ်ကွက်ရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ၌ ဖွင့်လှစ်ထားရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေး အထောက်အကူပြုအဖွဲ့ရုံးသို့ရောက်ရှိကာ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဖူဆယ်ဘောလုံးအားကစား လေ့ကျင့်ခန်းမ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

လူကုန်ကူးမှုဆိုင်ရာ Hot Line ဖြင့် သတင်းပေးပို့မှုများကြောင့် လူကုန်ကူးခံရသူများနှင့် ပျောက်ဆုံးသောသူများ စုံစမ်းရှာဖွေဖော်ထုတ်နိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၂

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ပြည်သူလူထုမှ လူကုန်ကူးမှုဆိုင်ရာ သတင်းပို့နိုင်ရေးအတွက် လူကုန်ကူးမှုဆိုင်ရာHot Line ဖုန်းနံပါတ်များကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်တို့၌ စတင်ထူထောင်ခဲ့သည်။

ထိုနေ့မှစ၍ သုံးလအတွင်း သတင်းပေးတိုင်ကြားမှု ပြည်တွင်း (၁၀၅) ကြိမ်၊ ပြည်ပ သုံးကြိမ် စုစုပေါင်း (၁၀၈)ကြိမ် လက်ခံရရှိပြီး လူကုန်ကူးမှု လေးမှုမှ တရားခံလေးဦးအားအရေးယူ၍ လူကုန်ကူးခံရသူခြောက်ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း၊ လူပျောက်တိုင်ချက် (၃၃)ကြိမ် လက်ခံခဲ့ရာတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့များ၏ ကြိုးပမ်းစုံစမ်းဖော်ထုတ်မှုကြောင့် ကလေးသူငယ်များအပါအဝင် ပျောက်ဆုံးသူ ၂၂ ဦး ပြန်လည်တွေ့ရှိခဲ့ပြီး မိဘဆွေမျိုးများထံ အသိပေး အကြောင်းကြားခြင်းနှင့် အချို့ပျောက်ဆုံးသူများအား မိဘများနှင့် ပြန်လည်ပေါင်းစည်းပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့အပြင် လစာငွေကျပ် လေးသိန်းရရှိမည်ဟု စည်းရုံးပြီး တစ်ဖက်နိုင်ငံရှိ လျှပ်စစ်ပစ္စည်းစက်ရုံတွင် သွားရောက်အလုပ်လုပ်ကိုင်သူ (၅၁) ဦးတို့သည် လစာငွေကျပ် နှစ်သိန်းသာ ရရှိခြင်း၊ အချိန်ပိုများစွာ လုပ်ဆောင်ရခြင်း စသည်ဖြင့် ဖိနှိပ်မှုခံစားရကြောင်း Hot Line ဖြင့် သတင်းပို့တိုင်ကြားခဲ့သဖြင့် သက်ဆိုင်ရာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုအရ (၅၁)ဦးစလုံးအား မြန်မာနိုင်ငံသို့ ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ပြန်လည်ခေါ်ယူ၍ လူပွဲစားသုံးဦးအား တည်ဆဲဥပဒေအရ ဖမ်းဆီးအရေးယူခဲ့ကြောင်း။

သတင်းပို့နိုင်

လူကုန်ကူးမှုဆိုင်ရာ Hot Line ဖုန်းနံပါတ်များမှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅ နှင့် ဖုန်း-၀၆၇-၄၁၂၆၆၆၊ ရန်ကုန် ဖုန်း-၀၉-၄၉၅၅၅၈၈၈ နှင့် ဖုန်း-၀၉-၄၉၅၅၅၉၉၉၊ မန္တလေး ဖုန်း-၀၉-၄၉၅၅၅၇၇၇၊ မူဆယ် ဖုန်း-၀၉-၄၉၅၅၅၆၆၆ တို့ဖြစ်ပြီး ၂၄နာရီသတင်းပို့နိုင်ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်း ဟောပြောဆွေးနွေးစဉ်။ (မြန်မာ့အလင်း)

❖ *ကျောဖုံးမှ*

ထွက်ရှိမည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နေပြည်တော်ကောင်စီရှစ်မြို့နယ်အတွင်း တောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာစေရေးအတွက် ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါးများစိုက်ပျိုးနိုင်ရန် ဆောင်ရွက်နေမှု၊ GAP သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် မျိုးစေ့ နှစ်တင်းခန့်သက်သာ၍ တစ်နိုင်ငံလုံး စိုက်ဧကသန်း ၂၀ အတွက် မျိုးစေ့တင်း သန်း ၄၀ ခန့် လက်တွေ့သက်သာမှုနှင့် ပုလဲသွယ်စပ်မျိုးစပါး၏ အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်ခိုင်မာမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သစ်သီးဝလံစိုက်ခင်းကြည့်ရှု

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ ညောင်ပင်ကြီးစုကျေးရွာရှိ ဧက (၅၀၀) တောင်သူပညာပေး စံပြစိုက်ခင်းရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းကို ကြည့်ရှုကြစဉ်။(သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးမန်နေဂျာများ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ အထူးပြုကျောင်းများမှ ပါမောက္ခနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံကျကျ တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည့် ဥယျာဉ်မှူးများ ဖြစ်သည့်အလျောက် တာဝန်သိစွာ ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက စိုက်ကွင်းအတွင်း GAP သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စပါးစိုက်ပျိုးနေကြသည့် ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် စိုက်ကွက်မြေဧရိယာအတွင်း တောင်သူများ စပါးစိုက်ပျိုးနေမှု၊ ကုန်ထုတ်လမ်းများ၊ ရေပေးမြောင်း၊ ရေနုတ်မြောင်းနှင့် ပင်မရေနုတ်မြောင်းကြီး၊ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါး F(1) ပျိုးခင်းများ၊ စိုက်ပျိုးပြီးစီးသည့် ပုလဲသွယ် စပ်မျိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပစ်တိုင်းထောင် စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် ပျိုးခွက်များဖြင့် ပျိုးထောင်ထားသော ပုလဲသွယ်စပ်မျိုးစပါး F(1) ပျိုးပင်များ၏ အခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ အဆင့်မြင့်လယ်ယာမြေ ဧကတစ်ထောင် ဖော်ထုတ်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသရှိ အဆင့်မြင့် လယ်ယာမြေ ဧက (၁၀၀)စိုက်ခင်းသို့ လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး ဘိုနီကြီးကွင်း စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဟက်တာ ၂၀ စိုက်ကွင်းသို့လည်းကောင်း သွားရောက်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ ဧက (၅၀၀) တောင်သူပညာပေး စံပြစိုက်ခင်းသို့ ရောက်ရှိကြပြီး ၂၀ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါး စပါးပျိုးခင်းနှင့် ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးနိုင်ရန်အတွက် မျိုးစေ့သန့်စင်စက်၊ မျိုးစေ့ထုတ်စက်၊ ဆေးလူးနယ်စက်၊ ထုပ်ပိုးမှုစနစ် အဆင့်ဆင့်နှင့် ထုပ်ပိုးဆောင်ရွက်ထားရှိပြီး ဖြန့်ဖြူးရန် အသင့်ဖြစ်နေသည့် မျိုးစေ့ထုပ်များနှင့် အဆင့်မြင့်ဆန်အရည်အသွေးရရှိရန် ကြိတ်ခွဲဆောင်ရွက်နေသည့်အဆင့်မြင့်ဆန်စက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခုနေရာသည် တောင်သူပညာပေး စက်မှုလယ်ယာစနစ် စံပြစိုက်ကွင်းဖြစ်ကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံ၊ ကြံ၊ ဝါနှင့်စပါး၊ တောင်သူတွက်ခြေကိုက်မည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ပန်းတိုင်အထွက်တိုးရရှိစေရန် စိုက်ပျိုးပြသထားရှိကြောင်း၊ နိုင်ငံတော်၏ ဗဟိုချက်မဖြစ်သောနေပြည်တော်မှ စတင်ဆောင်ရွက်ပြသပြီး တစ်နိုင်ငံလုံးသို့ ပျံ့နှံ့စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း။

အထူးအထွက်တိုးလာစေရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စိုက်ပျိုးရေးမန်နေဂျာများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းခုနစ်ကျောင်း၊ အထူးပြု ကျောင်းနှစ်ကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား အထူးအထွက်တိုးစပါး တစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိရန် ပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စိုက်ပျိုးရေးမန်နေဂျာများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းခုနစ်ကျောင်း၊ အထူးပြုကျောင်းနှစ်ကျောင်းမှ ကျောင်းအုပ်ကြီးများအား တစ်ဧက တင်း ၂၀၀ ထွက်ရှိစေရန်နှင့် စံနမူနာပြစိုက်ခင်းများ ပေါ်ထွက်လာစေရန် တစ်ဦးချင်းစီအား အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါး ၁၀ ဧကစာ မျိုးစေ့များကို ထောက်ပံ့ပေးပြီး စိုက်ပျိုးရန် တာဝန်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် " Green House System" ဖြင့် ပန်းအလှပင် အမယ်စုံ၊ ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ အဖိုးတန်ရှားပါး သစ်ခွမျိုးကွဲ များစွာ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ခေတ်မီ အဆင့်မြင့်စိုက်ပျိုးနည်းပညာများ အသုံးပြု၍ ပြည်တွင်းသုံးစွဲမှုသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရေးအတွက် ပညာပေးဆောင်ရွက်နေပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း၌ အဆင့်မြင့်ရေဖျန်းနည်းပညာစနစ် (Sprinkler) အသုံးပြု၍ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဗီယက်နမ်မျိုးစေ့ကုမ္ပဏီ (Vietranimex) တို့ ပူးပေါင်း စိုက်ပျိုးထားရှိသော ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး F(1) စိုက်ခင်းကိုလည်းကောင်း၊ တစ်ဧက ပျမ်းမျှတန် ၆၀ အထက် ထွက်ရှိမည့် မျိုးသန့်မျိုးပွား ကြံ ၁၀ ဧက စိုက်ခင်းကို လည်းကောင်း၊ တစ်ဧကပိဿာ ၁၀၀၀ ထွက်ရှိနိုင်မည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးရန် မြေပြင်ဆင်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

ကိုရီးယား-အာဆီယံရုပ်ရှင်အဖွဲ့ အစည်းများ၏ လုပ်ငန်းစဉ် 'ရုပ်ရှင်ထဲမှ တစ်ခုတည်းသောအာရှ' အလုပ်ရုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၂

ရုပ်ရှင်လုပ်ငန်းတွင် အပြန်အလှန်ဖလှယ်ခြင်းများမှတစ်ဆင့် အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေရန်အတွက် "၂၀၁၁ ခုနှစ် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း" ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အာဆီယံနိုင်ငံများရှိ ရုပ်ရှင်ကော်မရှင်အဖွဲ့များ တည်ထောင်ခြင်းကို ထောက်ပံ့ပေးရန်နှင့် ကိုရီးယားသမ္မတနိုင်ငံ ရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့များ၏ အတွေ့အကြုံများမှတစ်ဆင့် အာဆီယံနိုင်ငံများ၏ ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ကူညီပေးရန်၊ အာဆီယံနိုင်ငံများ၏ ရုပ်ရှင်အဖွဲ့အစည်းနှင့် ကိုရီးယားသမ္မတနိုင်ငံ ဒေသများအကြား ပူးပေါင်း ဆောင်ရွက်ခြင်းတို့မှတစ်ဆင့် ဆက်သွယ်ရေးကွန်ရက်တစ်ခု တည်ထောင်သွားရန်စသည့် ရည်ရွယ်ချက်များဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ရုပ်ရှင်ထုတ်လုပ်ရေးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန် ရုပ်ရှင်ကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် ကိုရီးယား-အာဆီယံရုပ်ရှင်အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ် " ရုပ်ရှင်ထဲမှတစ်ခုတည်းသောအာရှ"(ASEAN-ROK Film Community Project, One Asia in Film) အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ရှိ မင်းတုန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အနုပညာရှင်အတတ်ပညာရှင်များ၊ MRTV-4၊ Family Entertainment၊ SKY NET နှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်ရုပ်ရှင်ကော်မရှင်မှတာဝန်ရှိသူများနှင့် ရုပ်ရှင်ပညာရှင်များ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ရုပ်ရှင်ပညာရှင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်ရုပ်ရှင်ကော်မရှင် ညွှန်ကြားရေးမှူးနှင့် အာရှရုပ်ရှင်ကော်မရှင်ကွန်ရက်အဖွဲ့ဥက္ကဋ္ဌ အိုအိပ်ချ်ဆောဂန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ "ရုပ်ရှင်ကော်မရှင်ဆိုသည်မှာ အဘယ်နည်း" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးစိုးထိုက်အောင်(မလိခစိုးထိုက်အောင်)၊ Nobis ရုပ်ရှင်လုပ်ငန်း အမှုဆောင်အရာရှိချုပ် East Gate နှင့် LLC ရုပ်ရှင်လုပ်ငန်းအစုစပ်လုပ်ငန်းရှင် ရောမယ်အိုနို(ချ်)၊ ဘူဆန်ဖွံ့ဖြိုးရေးသုတေသနဌာနမှ ဝါရင့်သုတေသီ ကေးအွန်းဆုန်းကုအမ်နှင့်ပိုင်းဝုဒ်အစ်စလန်ဒါ မလေးရှားရုပ်ရှင်လုပ်ငန်းမှ အမှုဆောင်အရာရှိချုပ် မိုက်ကယ်လိတတို့က လည်းကောင်း၊ "ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံများ၏ ရုပ်ရှင်လုပ်ငန်းဖြင့် ပြန်လည်ဖွံ့ဖြိုးလာသော ခရီးသွားလုပ်ငန်း" ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံခရီးသွားနှင့် အားကစားဝန်ကြီးဌာန ထိုင်းနိုင်ငံရုပ်ရှင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းဌာန၊ ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးဌာန ဌာနမှူး မစ်ဝိုရာတဲရာဆူဇာန်ဆွန်၊ ထိုင်းနိုင်ငံခရီးသွားနှင့် အားကစားဝန်ကြီးဌာန ထိုင်းနိုင်ငံရုပ်ရှင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းဌာန ရုပ်ရှင်ဆင်ဆာအဖွဲ့ဌာနမှူး မစ်အုဘိုဝန်ဆူချရိတာကုလ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ရုပ်ရှင်ကော်မရှင် အမှုဆောင်အရာရှိချုပ် ဆဲဒရစ်အလွိုင်တို့ကလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် "ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် အာဆီယံရုပ်ရှင်များ၏ ဦးတည်ရာ" ခေါင်းစဉ်ဖြင့် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်အစီအစဉ်ဒါရိုက်တာ ကင်ဂျီဆောက်က လည်းကောင်း၊ "ကိုရီးယားရုပ်ရှင်ပညာရေး၏ လိုအပ်ချက်များနှင့် ဦးတည်ချက်" ခေါင်းစဉ်ဖြင့် ကိုရီးယားအနုပညာတက္ကသိုလ်မှ ဒါရိုက်တာ၊ ထုတ်လုပ်သူ၊ ပါမောက္ခ ကင်ဝေးကျွန်ကလည်းကောင်း ဟောပြောဆွေးနွေးကြပြီး Cine World မှ အမှုဆောင်အရာရှိချုပ် ဒါရိုက်တာ လီဂျန်အိက အထူးဟောပြောချက်ကို ဆွေးနွေးကာ ပထမနေ့ဆွေးနွေးပွဲကို ရပ်နားလိုက်သည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

တည်ခင်းဧည့်ခံ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား Forever Group က နေ့လယ်စာဖြင့်လည်းကောင်း၊ ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်ရုပ်ရှင်ကော်မရှင်က ညစာဖြင့်လည်းကောင်း တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားရေး နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသောလုပ်ငန်း (၈)ရပ်မှ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ (၂၀၁၁ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃) ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

အဆိုပါ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၁၃အရ **"မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ သမဝါယမအသင်းဥပဒေ၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ရမည်"** ဟု ဖော်ပြပါရှိသည်။ ထို့အပြင် ပုဒ်မ ၆၅ အရ **"အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ မပြဋ္ဌာန်းမီ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် အဆိုပါဥပဒေအရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ သုံးလအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် အသေးစားငွေရေး ကြေးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားရမည်"** ဟု ဖော်ပြပါရှိသည်။

ထုတ်ပြန်ထား

သို့ဖြစ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်နယ်မြေအတွင်း လက်ရှိအသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၁၃ နှင့် ၆၅ ပါ အတိုင်း အသင်းအဖွဲ့မှတ်ပုံတင်ဖွဲ့စည်းခြင်းနှင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာများကို အမြန်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း(ရုံးချုပ်)က သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဒလမြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သဇင်မြိုင်က မြို့နယ်အဆင့် မြန်မာစာထူးချွန်ဆုရ တတိယတန်းမှ မောင်ခန့်ဇော်ဇော်ဟန်အား ဆုချီးမြှင့်စဉ်။(၁၅၅)

မြန်မာနိုင်ငံ၏ အပြုသဘောဖြစ်ပေါ်တိုးတက်မှုများကိုအသိအမှတ်ပြုခဲ့ ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများရုပ်သိမ်းရေး ထပ်ဆင့်ထောက်ခံ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟိုနမ်ဟောင်၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အမြင်ချင်းဖလှယ်

သီးသန့် အစည်းအဝေးတွင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ အာဆီယံအသိုက်အဝန်း ထူထောင်မှုကိစ္စရပ်များနှင့် အရေးကြီးသည့် အာဆီယံရေးရာကိစ္စများကို ဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အာဆီယံအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် အောင်မြင်စွာ ထူထောင်ရေး၊ အာဆီယံပေါင်းစည်းရေးကြိုးပမ်းမှုနှင့် အာဆီယံပေါင်းစည်း ဆက်သွယ်ရေး မဟာစီမံကိန်း အကောင်အထည်ဖော်ရေးတို့အတွက် ၎င်းတို့၏ သန္နိဋ္ဌာန်ချမှုကို ထပ်လောင်းအတည်ပြုကြသည်။ ထို့အပြင် အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ၏ ဆောင်ပုဒ်ဖြစ်သည့် "ရည်မှန်းချက်တစ်ခုတည်းထားရှိသည့် အာဆီယံအသိုက်အဝန်း- ASEAN One Community, One Destiny" အောင်မြင်ရေးအတွက် အာဆီယံနိုင်ငံများ အတူတကွပူးပေါင်းဆောင်ရွက်ရန် ဆန္ဒပြုခဲ့ကြသည်။

နိုင်ငံခြားရေး ဝန်ကြီးများသည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကိစ္စရပ်များဆွေးနွေးမှုတွင် တောင်တရုတ်ပင်လယ်ဆိုင်ရာကြေညာချက် အကောင်အထည်ဖော်ရေးကိစ္စ၊ ကိုရီးယားကျွန်းဆွယ်ကိစ္စရပ်များအပြင် ဒေသတွင်းပုံဖော်မှု၏ ပြောင်းလဲမှုဖြစ်စဉ်တွင် အာဆီယံ၏အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းရေး၏ အရေးပါမှုများကို ဆွေးနွေးခဲ့သည်။

သီးသန့် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး အနောက်နိုင်ငံများမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားရှိနေသည့် စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရေးအတွက် အာဆီယံက ဆက်လက်ထောက်ခံမှုပြုရေးနှင့် မြန်မာနိုင်ငံကိစ္စကို မြန်မာနိုင်ငံပြင်ပ၌ ဒေသဆိုင်ရာသို့မဟုတ် နိုင်ငံတကာ မည်သည့်အစည်းအဝေးကိုမျှ ပြုလုပ်ခြင်းကို လက်ခံမှုမပြုရေးကိစ္စများကို ဆွေးနွေးရာ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံ၏ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုခဲ့သည့်အပြင် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းရေးကို ထပ်ဆင့်ထောက်ခံခဲ့ကြသည်။ မြန်မာနိုင်ငံပြင်ပ၌ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် မည်သည့်နိုင်ငံတကာ အစည်းအဝေးကိုမျှ ကျင်းပရန် လိုအပ်မှုမရှိတော့ကြောင်းကိုလည်း ထောက်ခံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဆီရမ်ရိမြို့၌ရှိနေစဉ် ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဟိုနမ်ဟောင်နှင့် ဆိုကာအန်ကောဟိုတယ်၌တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စများနှင့် အာဆီယံတွင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမတိုင်မီ ကျင်းပသော အာဆီယံဆိုင်ရာ အမြဲတမ်းကော်မတီအစည်းအဝေးသို့ အာဆီယံဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးဉာဏ်လင်းကလည်းကောင်း၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကလည်းကောင်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ *ရှေ့ဖုံးမှ*

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စီးနင်းလိုက်ပါလာသော ထိုင်းတပ်မတော် အထူးလေယာဉ်အား ဝေဟင်ထက်တွင် ထိုင်းဘုရင့်လေတပ်မှ Gripen 39 C / D အမျိုးအစား တိုက်လေယာဉ်နှစ်စင်းတို့က ပျံသန်း၍ ခရီးဦးကြိုဆိုကြပြီး ထိုင်းဘုရင့်လေတပ် Wing-7 သို့ ရောက်ရှိသည်အထိ ဘေးဘယ်/ညာမှတစ်စင်းစီခြံရံလျက် လိုက်ပါပို့ဆောင်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့သည် ထိုင်းဘုရင့်လေတပ် Wing-7 သို့ ရောက်ရှိလာရာဌာနချုပ်မှူး Colonel Panpakdee Pattanakul နှင့်တာဝန်ရှိသူများကကြိုဆိုကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်လေတပ် Wing-7 ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထိုကဲ့သို့ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုနေစဉ်တွင် တိုက်လေယာဉ်တစ်စင်းက အနီးကပ်ပျံသန်း၍ ဦးညွှတ်အလေးပြုသည်။ ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရှင်းလင်းခန်းမတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Wing-7 ၏ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား Gripen 39 C/D အမျိုးအစား တိုက်လေယာဉ်၏စွမ်းရည်ပြ မောင်းနှင်ပျံသန်းမှုကိုပြသသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် Wing-7 ရှိ တိုက်လေယာဉ်များကို ကြည့်ရှုလေ့လာကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ထိုင်းတပ်မတော် အထူးလေယာဉ်ဖြင့် ဖူးခက်မြို့သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား Hilton Hotel Ballroom- A ၌ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။ ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များအားဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မီးရှူးမီးပန်းများပစ်ဖောက်၍ ချစ်ကြည်ရင်းနှီးစွာဖြင့် ဂုဏ်ပြုဧည့်ခံခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်အပြည်ပြည်ဆိုင်ရာလေဆိပ်မှအထူးလေယာဉ်ဖြင့်ထွက်ခွာလာရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား Asia Society အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား နယူးယောက်မြို့အခြေစိုက် Asia Society အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mrs. Suzanne Di Maggio ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် Asia Society အဖွဲ့နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးဒေါက်တာကိုကိုဦးနှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် ဆ/ကရပ်ကွက်၌ ဇန်နဝါရီ ၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့မှူး ဦးဝင်းဦး၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်း၊ ဆ/ကရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆွေးနွေးပြောကြားကြစဉ်။ (ဝ၂၅)

ညနေပိုင်း ထမင်းဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုကို သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

အထူးမွမ်းမံသင်တန်း တက်ရောက်မည့် ဆရာ ဆရာမများအား တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် တွေ့ဆုံမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၂

တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၉)သို့ တက်ရောက်ကြမည့် ဆရာ ဆရာမများအား တွေ့ဆုံ၍ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အရေးကြီးသည့် ပညာရေးကဏ္ဍက ပါဝင်နေသည့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များအပေါ် နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ ထိရောက်အောင်မြင်စွာ ပြုစုပျိုးထောင်နိုင်ရေးအတွက် စည်းရုံးလေ့ကျင့်ရုံသာမက မိမိတို့ကိုယ်တိုင်ကလည်း နိုင်ငံသားကောင်း သမီးမွန်များ၊ ပညာရေးဝန်ထမ်းကောင်းများအဖြစ် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စံနမူနာပြကြိုးပမ်းသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။ **(ဝဲပုံ)**

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ခေတ္တဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဝမ်းစာ ဖူလုံရေး၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးတို့အတွက် ဌာနအလိုက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူမိတ်ဆွေ

မွန်ဘိုင်းအတွေး၊ မွန်ဘိုင်းအမြင်

➤ သတင်းဆောင်းပါး၊ ဓာတ်ပုံ - မောင်မောင်ထွေး (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သွားရောက်ခဲ့သည်။

အဆိုပါခရီးစဉ်၌ ကျွန်တော်နှင့် MRTV မှ ဦးစီးအရာရှိ ဦးထွန်းထွန်း(ရုပ်သံ)တို့ သတင်းပြန်ကြားရေးတာဝန်ဖြင့် လိုက်ပါခဲ့ကြသည်။

နယူးဒေလီ၏ ရာသီဥတုကဟေမန္တဆောင်းရာသီပီပီ အေးမြမြဖြင့် နေ၍ကောင်းလှ၏။

ပါလီမန်လွှတ်တော်အဆောက်အအုံ

မျက်စိပသာဒ အဖြစ်မိဆုံးက နှင်းမှုန်ကြားမှ ခမ်းနားထည်ဝါစွာ ရပ်တည်လျက်ရှိသော အဝိုင်းပုံသဏ္ဍာန် ပါလီမန်လွှတ်တော်အဆောက်အအုံကြီး။

သမိုင်းဝင်ဖြစ်တည်ရာ

ပါလီမန် လွှတ်တော်အဆောက်အအုံအတွင်းရှိ ပါလီမန်ဗဟိုခန်းမကြီးကား သမိုင်းဝင်အဖြစ်အပျက်များစွာတို့၏ ဖြစ်တည်ရာနေရာတစ်ခုလည်းဖြစ်၏။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ၏ လွတ်လပ်ရေးကို နောက်ဆုံးဘုရင်ခံချုပ်ဖြစ်သော လော့ဒ်မောင့်ဘက်တန်က ဤဗဟိုခန်းမ၌ ကြေညာခဲ့၏။

ပြန်လည်ကြားယောင်

ထို့အတူ "ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ရာ ယခုကျွန်ုပ်တို့၏ ကြိုးပမ်းချက်မှာ အကောင်အထည်ဖော်လာပြီ။ သန်းခေါင်ယံအချိန် လူ့လောကတစ်ခွင်လုံး အိပ်မောကျနေစဉ် အိန္ဒိယနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင်လည်း တစ်ဦးနှင့်တစ်ဦး ရင်ချင်းအပ်၊ ကျောချင်းကပ်၍ အပြန်အလှန် ဖေးမကူညီခဲ့ကြ၏။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း အာရှတိုက်၏ ငြိမ်းချမ်းရေးခရီးစဉ်အတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးသည် အသက်ဝင်လှုပ်ရှားလာခဲ့ချေပြီ။ အဟောင်းမှအသစ်သို့ အဖိနှိပ်ခံဘဝမှ လွတ်လပ်ခြင်းသို့ ကူးပြောင်းပေတော့မည်" ဟူသည့် လွတ်လပ်ခါစ အိန္ဒိယ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သူ ပန်ဒစ်ဂျဝါဟာလာနေရူး၏ သမိုင်းဝင် လွတ်လပ်ရေးမိန့်ခွန်းကိုလည်း ဤပါလီမန်အဆောက်အအုံ ဗဟိုခန်းမန်ရံတို့မှတစ်ဆင့် ပြန်လည်ကြားယောင်လာမိပေသည်။

(၅)ချက်နှင့်အညီ လျှောက်လှမ်းခဲ့ကြ၏။

ပိုမိုတိုးတက်ခိုင်မြဲ

ယခုမျက်မှောက်ပစ္စုပ္ပန်တွင်လည်း အိန္ဒိယ၏ အရှေ့မျှော်ပေါ်လစီမူဝါဒ သက်ဝင်လှုပ်ရှားမှုနှင့်အတူ အိန္ဒိယနှင့် မြန်မာတို့၏ နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲစေခဲ့၏။

သမိုင်းဝင် ဖြစ်ပျက်များစွာတို့၏ ဖြစ်တည်ရာ ပါလီမန်လွှတ်တော်အဆောက်အအုံအတွင်းရှိ ပါလီမန်ဗဟိုခန်းမ။

ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု

အိန္ဒိယနှင့် မြန်မာတို့၏ ချစ်ကြည်ရင်းနှီးမှုကား သမိုင်းရှည်ကြာစွာ တွဲလက်ခိုင်မြဲခဲ့ကြ၏။ နှစ်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံသို့ အောက်တိုဘာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် နှစ်ဖက်သဘောတူညီခဲ့ကြခြင်းကလည်း သက်သေပြုလျက်ရှိပေသည်။

မွန်ဘိုင်းမြို့၏ ဖွံ့ဖြိုးစည်ပင်မှုကို ဤသို့ တွေ့မြင်ခဲ့ရသည်။

ကဏ္ဍအလိုက်တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတ၊ ဒုတိယသမ္မတနှင့် အထက်လွှတ်တော် ဥက္ကဋ္ဌ၊ အောက်လွှတ်တော် ဥက္ကဋ္ဌ၊ ပါလီမန်ရေးရာဝန်ကြီး၊ ပြည်ပရေးရာဝန်ကြီး၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ ပါတီခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ အစဉ်အလာ ခိုင်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကြည့်ရှုလေ့လာ

ပါလီမန်အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့၏ ပါလီမန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်းတင်သွင်းမှု၊ မေးခွန်းများမေးမြန်းမှု၊ အပြန်အလှန် ဆွေးနွေးမှုတို့ကို သွားရောက်လေ့လာခဲ့ကြသည်။ ပါလီမန် စာကြည့်တိုက်နှင့် ပါလီမန်မော်ကွန်းပြတိုက်တို့ကိုလည်း ကြည့်ရှုလေ့လာခဲ့ကြ၏။

ဒီဇင်ဘာ ၁၆ ရက်တွင်မူ အိန္ဒိယသမ္မတနိုင်ငံ၏ စီးပွားရေးမြို့တော်အဖြစ် တင်စားထိုက်သည့် မွန်ဘိုင်းမြို့သို့ရောက်ရှိပြီး စီးပွားရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကာ Bombay Stock Exchange သို့ လေ့လာခဲ့ကြ၏။

နေ့ညမပြတ်စည်ကား

မွန်ဘိုင်းမြို့ကား စီးပွားရေးမြို့တော်ပီပီ သက်ဝင်လှုပ်ရှားစည်ကားလှ၏။ မွန်ဘိုင်းကမ်းခြေတွင်မူ ကမ္ဘာလှည့်ခရီးသွားများသာမက မွန်ဘိုင်းမြို့သူ မြို့သားများဖြင့် နေ့ညမပြတ် ပျားပန်းခပ်မျှ စည်ကားလျက်ရှိ၏။ အထူးသဖြင့် ညပိုင်းတွင် မွန်ဘိုင်းမြို့က ပိုမိုသက်ဝင်စည်ကား၏။

မွန်ဘိုင်းအမြင်

မွန်ဘိုင်းမြို့တွင်းသို့ ရှားရှားပါးပါး အချိန်လု၍ ကျွန်တော်တို့ ခေတ္တလေ့လာခဲ့သည်။ မိုးထိ အထပ်မြင့် အဆောက်အအုံများကား အထူးများပြား၏။ သာမန်လူတန်းစား ရပ်ကွက်များအတွင်း ဆောက်လုပ်ဆဲ မိုးထိ လူနေအဆောက်အအုံ အများအပြားကိုလည်း သတိပြုမိသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရာမြို့ပီပီ မြို့သူမြို့သားများကလည်း တစ်ပိုင်တစ်နိုင် စီးပွားရှာကောင်းကြသည်။ ရန်ကုန်မြို့လယ်ရှိ လမ်းဘေးဈေးဆိုင်တန်းများကဲ့သို့ မွန်ဘိုင်းလမ်းဘေး ဈေးဆိုင်များတွင်လည်း ကမ္ဘာလှည့်ခရီးသွားများ ခြေချင်းလိမ်မျှ သွားလာနေကြသည်။ အိန္ဒိယဖြစ် လက်ကောက်ပုတီးများ၊ ဆာရီဝတ်စုံများ၊ အဝတ်အထည်များ၊ သားရေအိတ်များဖြင့် ပစ္စည်းမျိုးစုံလှ၏။ ဈေးနှုန်းမှာမူ ရန်ကုန်ထက်ကြီးမြင့်၏။

ဟိုတယ်စာများကို အနည်းငယ်ရိုးအီလာသည်က တစ်ကြောင်း၊ လေ့လာလို၍ တစ်ကြောင်းကြောင့် ကော်ဖီဆိုင်ထိုင်ဖြစ်၏။ ထမင်းဝယ်စားဖြစ်၏။ အစားအသောက်ဈေးနှုန်းမှာမူ သင့်မြတ်လှ၏။ ကော်ဖီတစ်ခွက် ရူပီး ၅၀၊ စီးကရက်တစ်ဘူး ရူပီး ၁၀၀၊ ထမင်းတစ်ပွဲ ရူပီး၇၀၊ ပန်းသီး တစ်ကီလို ရူပီး ၆၀ ဖြစ်၏။ အမေရိကန်ဒေါ်လာနှုန်းအားဖြင့် တစ်ဒေါ်လာဝန်းကျင်နှင့် တစ်ဒေါ်လာကျော်မျှသာရှိ၏။

ကျွန်တော်တို့တည်းခိုရာ မွန်ဘိုင်းမြို့ရှိ နာမည်ကျော် Taj Mhal Pal-ace Hotel ၏ရှေ့တွင် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ထားသည့် မြင်းရထားလှည်းများ ရပ်နားလေ့ရှိ၏။ ညပိုင်းတွင် မြင်းရထားလှည်းများမှာ ရောင်စုံမီးများခြယ်သ၍ ကမ္ဘာလှည့်ခရီးသွားများကို မပြတ်တင်ဆောင်သွားလာလျက်ရှိ၏။ အမှတ်တရ ဓာတ်ပုံရိုက်ကူးသူများအတွက် ဓာတ်ပုံဆရာ တစ်ရာကျော်မျှရှိ၏။ ချက်ချင်းရိုက် ချက်ချင်းပုံထွက်သည့် ပိုလာရိုက်ကင်မရာအမျိုးအစားများဖြင့် ချက်ချင်းပုံထုတ်ပေးသည်။ လက်ဖက်ရည်ခွက်ငယ်တစ်ခွက်ကို ရူပီး ၂၀ ဖြင့် ရောင်းချသူများ၊ ရူပီး ၃၀ ဖြင့် ဖိနပ်တိုက်ပေးသူများကလည်း မနည်းလှ။

နယူးဒေလီမြို့ရှိ ပါလီမန်လွှတ်တော်အဆောက်အအုံကို ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရသည်။

ဆိုရသော် ကမ္ဘာလှည့်ခရီးသွားများ၏ ပိုက်ဆံကို ကိုယ့်အိတ်ထဲရောက်အောင် တစ်ပိုင်တစ်နိုင်လွတ်လပ်စွာ ကိုယ်စီကိုယ်စီ စီးပွားရှာဖွေနိုင်စွမ်းရှိကြသည်။

အိန္ဒိယ၏သမီးပျို

နယူးဒေလီသည် အိန္ဒိယ၏ မိခင်မြို့တော်ဟုဆိုရလျှင် မွန်ဘိုင်းသည် သွက်လက်တက်ကြွသည့် အိန္ဒိယ၏ သမီးပျိုမြို့တော်ဟုဆိုရမည်။ နယူးဒေလီ၏ ခမ်းနားတည်ငြိမ်မှုသည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်နှင့် ပမာပြုရမည်ဖြစ်ပြီး မွန်ဘိုင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ရန်ကုန်မြို့နှင့် တုနှိုင်းပြုရပေမည်။ သို့သော် ရန်ကုန်သမီးပျိုကား မွန်ဘိုင်းသမီးပျို၏ လှပသောဝတ်ရုံနှင့် သွက်လက်တက်ကြွမှုကို လတ်တလောလိုက်၍ မမီနိုင်သေးချေ။

မှတ်မှတ်ရရ

မွန်ဘိုင်းမြို့သို့ ရောက်ခိုက် မှတ်မှတ်ရရ အဖြစ်မိဆုံးသည်ကား တစ်နေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွဲ့တွင် တာဝန်အသီးသီးဖြင့် လိုက်ပါခဲ့ကြသော လူငယ်များကို အဓိကထား၍ သူ့အခန်းသို့ခေါ်တွေ့ပြီး "ဒီဟိုတယ်အခန်းထဲက မြင်နေရတဲ့ မွန်ဘိုင်းကမ်းခြေနဲ့ မွန်ဘိုင်းရှေးဟောင်းဂိတ် အဆောက်အအုံကို ကြည့်ကြ။ ပြီးရင် ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေစဉ်းစားထားပြီးပြီလဲ" ဟူ၍ မေးမြန်းခဲ့သည့် မေးခွန်းပင်။

မွန်ဘိုင်းအတွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ မေးခွန်းမှတစ်ဆင့် သူ၏နှလုံးသားရင်တွင်းမှ ခံစားချက်များ၊ နိုင်ငံနှင့်လူမျိုးအပေါ်ထားရှိသည့် သူ၏စေတနာမေတ္တာများကို ကျွန်တော် မြင်တွေ့လိုက်ရသည်။ မှတ်မှတ်ရရ ဖြစ်မိသည်။ ဤသည်မှတစ်ဆင့် ကျွန်တော်၏ မွန်ဘိုင်းမြို့မှ အတွေးစတို့သည် ရင်တွင်းစီးဆင်းလာပေသည်။ ကျွန်တော်တို့နိုင်ငံရှိ လူ့စွမ်းအားအရင်းအမြစ် လူငယ်များ ညီညွတ်ဖို့လိုသည်။ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များ ညီညွတ်ဖို့လိုသည်။

နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများ၊ လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူများ ညီညွတ်ဖို့လိုသည်။ ခြုံငုံ၍ဆိုရသော် အမျိုးသားကြီးပွားတိုးတက်ရေးအတွက် တစ်တိုင်းတစ်ပြည်လုံး စည်းလုံးညီညွတ်ဖို့လိုသည်။ ထိုထိုသော စည်းလုံးညီညွတ်မှုအားဖြင့် နိုင်ငံတကာအသိုက်အဝန်းအတွင်း မြန်မာနိုင်ငံမှ ထိုက်တန်သောနေရာကို ပြန်လည်ရရှိရန်နှင့် ဒေသတွင်း အာရှကျားတစ်ကောင် ထပ်မံမွေးဖွားလာစေရန် ကျရာကဏ္ဍမှ ညီညီညွတ်ညွတ် ဦးထမ်းပဲ့ထမ်းဖြင့် ပြိုင်တူရှေ့ကြဖို့လိုကြောင်း ဤသို့ တွေးမြင်ခံစားမိပါတော့သည်။ ။

ပြည်တွင်းပြည်ပဧည့်သည်များ မပြတ်စည်ကားရာ မွန်ဘိုင်းရှေးဟောင်းဂိတ်။

ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးဘာဘာ၊ ဒေါ်ချိန်ကင်းနှင့် ခင်ပွန်း ဦးခင်မောင်ရီတို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဒေါ်ခင်ခင်အေး မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၅သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၆။ **ဒေသထွက်ကုန်အဖုံဖုံ မန္တလေးက မုန့်မျိုးစုံ**
- ၈:၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၃၀ ၈။ အတီးပြိုင်ပွဲ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၁၅ ၃။ အဆိုပြိုင်ပွဲ
- ၄:၃၀ ၄။ **အမျိုးနှင့်မျိုး**
- ၄:၄၅ ၅။ တေးဂီတအစီအစဉ်
- ၅:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၅:၄၅ ၁၀။ **စုစည်းခံစား ကမ္ဘာ့အားကစား**
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၃)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လျှပ်တစ်ပြက်ဟာသများ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး နောက်ဆုံးချစ်ပုံပြင်** (ဒုတိယတွဲ) (အပိုင်း-၃၅)
- ၂၀။ **သီချင်းချစ်သူ** (ဒီယံ)
- ၂၁။ အစီအစဉ်ပြီး၏။

သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ (တောင်ပိုင်း) အမက(၂)မှလွန်ကျောင်းလမ်းမကြီး ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ ခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၀၄၉)

ဒုတိယဝန်ကြီးဦးခင်ဇော် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ သစ်ချောက်ခင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက သာယာဝတီခရိုင် သုံးဆယ်မြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉) ဧည့်ရိပ်သာ၌ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များအား ခေတ်မီသိပ္ပံနည်းကျ စံပြစက်မှုလယ်ယာထူထောင်ရေးစနစ်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးမှာကြားကာ မိုးညိုမြို့နယ် မိုးသစ္စာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာမှတောင်သူများနှင့်တွေ့ဆုံပြီး မိုးညိုမြို့နယ် မိုးသစ္စာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် မတော့ကုန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဇန်နဝါရီ ၉ ရက်က ရွှေတောင်မြို့ ရွှေနတ်တောင်စေတီ ဂေါပကအဖွဲ့ရုံး၌ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များအား တွေ့ဆုံ၍ ရွှေတောင်မြို့နယ် ကျီးသဲ(တိုးချဲ့) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ကျီးသဲ(ညောင်လှ) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ညောင်လှကျေးရွာ၌ တောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ်၌ ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ

လပွတ္တာ ဇန်နဝါရီ ၁၂

(၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် အမှတ်(၅)ရပ်ကွက် ဥယျာဉ်ကုန်းလမ်း အလျား အရှည်ပေ ၆၂၀၊ အနံ ၁၂ ပေရှိ ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။ အဆိုပါလမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ဆီမီး (၉၉၀၀) ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

အင်းစိန်မြို့နယ် ဗုဒ္ဓပူဇနီယ ဆီမီး (၉၉၀၀)အဖွဲ့က ကြီးမှူး၍နှစ်စဉ်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တန်ခိုးကြီးဘုရားများတွင် ဆီမီး(၉၉၀၀)ထွန်းညှိပူဇော်ပွဲများ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၈ ရက်က တွံတေးမြို့နယ် ရွှေဆံတော်ဘုရားရင်ပြင်တော်တွင် ဆီမီး(၉၉၀၀) ပူဇော်ပွဲကို အကြိမ်(၄၀)မြောက်ကျင်းပပြီး အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ဘုရားဖူးလိုက်ပါလာသူများက ဆီမီးများထွန်းညှိပူဇော်ကြပြီး တွံတေးမြို့ ရွှေဆံတော်ဘုရားဂေါပကအဖွဲ့ ဦးဘဝင်း (ဒုတိယဥက္ကဋ္ဌ)၊ ဦးခင်ဝင်း (အတွင်းရေးမှူး)၊ ဦးကျောင်းကျင် (ဘဏ္ဍာရေးမှူး) တို့ထံ ဆီမီး(၉၉၀၀)အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားလွှတ်တော်ရှေ့နေ)၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသီ (တရားလွှတ်တော်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွှန့် (တရားလွှတ်တော်ရှေ့နေ)နှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးလိုက်ပါလာသူများက ဘုရားကြီးဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ်ခုနစ်သောင်းငါးထောင် ပေးအပ်လှူဒါန်းကြသည်။

ဗုဒ္ဓပူဇနီယဆီမီး(၉၉၀၀)အဖွဲ့သည် မတ်လ ၆ ရက်တွင် ပုသိမ်မြို့ မော်တင်စွန်းဘုရားရင်ပြင်တွင် ဆီမီး(၉၉၀၀)ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ လူတစ်ဦးလျှင် (စရိတ်ငြိမ်း) ငွေကျပ်ခြောက်သောင်း (သို့) မဟာဒုက်မဲထုတ်ခြင်းဖြင့် လိုက်ပါလိုသူများနှင့် အသေးစိတ်သိလိုပါက အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၅၀၆၆၅၀၀၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသီ (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၅၁၈၀၁၂၀၊ ဦးခင်မောင်ညွှန့် (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၅၀၈၁၉၁၁ နှင့် သတင်းထောက် ဖြိုးစည်သူ(အင်းစိန်) ဖုန်း-၀၉-၇၃၁၆-၁၁၃၈ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(၀၃၁)**

မိုင်းတုံပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်စက်ပေးအပ်လှူဒါန်း

မိုင်းတုံ ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းတုံပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်စက်နှင့် ဆေးပဒေသာပင်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်က မိုင်းတုံမြို့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းသော ဆေးပဒေသာပင်ငွေကျပ် ၁၀ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်က ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်က လက်ခံယူသည်။ ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်း ငန်းရိုင်းမော်တော်ယာဉ်အသင်းက အောက်ဆီဂျင်စက်တစ်လုံး၊ အသက်ရှူစက်တစ်လုံးနှင့် ဆေးပဒေသာပင်ငွေကျပ် ၁၀သိန်းကို မော်တော်ယာဉ်အသင်းအတွင်းရေးမှူး ဦးစိုင်းသိန်းကျော်နှင့်ဘဏ္ဍာရေးမှူး ဒေါ်နန်းရှန်စိန်တို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲ ပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးပွဲ သံတွဲမြို့၌ကျင်းပ

သံတွဲ ဇန်နဝါရီ ၁၂

သံတွဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် သံတွဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက သံတွဲမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်က အမှာစကားပြောကြားပြီးနောက် ခရိုင်ဆရာဝန်ကြီး ဒေါက်တာတင်ငွေက ကလေးပြပွဲ၊ ပြိုင်ပွဲဆုရွေးချယ်မှုအခြေအနေများနှင့် မိခင်၊ မိခင်လောင်းများအတွက် ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ စံပြမိခင်ဆု၊ ကလေးပြိုင်ပွဲဆုနှင့် အမြွှာဆု၊ အလှဆု၊ နှစ်သစ်ကူးမောင်မယ်ဆုများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

ဒိုက်ဦးမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ဒိုက်ဦး ဇန်နဝါရီ ၁၂

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပညာရေးစုံညီပွဲတော် ညောင်တုန်းမြို့နယ်၌ကျင်းပ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်

ညောင်တုန်း ဇန်နဝါရီ ၁၂

ညောင်တုန်းမြို့နယ် ပညာရေးစုံညီပွဲတော်ကို ညောင်တုန်းမြို့ အထက (၁) လှိုင်ပညာခန်းမတွင် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေး **(အောက်ပုံ)**နှင့် တာဝန်ရှိသူများက ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဗဟိုအဆင့်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေးက သရုပ်ဖော်အကပြိုင်ပွဲတွင် ပထမဆုရရှိသော နယ်မြေ (၂)အကအဖွဲ့၊ ဒုတိယဆုရ နယ်မြေ (၁၁)၊ တတိယဆုရ နယ်မြေ (၇) အကအဖွဲ့များနှင့် နှစ်သိမ့်ဆုရရှိကြသော ပညာရေးမိသားစု နယ်မြေအကအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၀၈၂)**

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ တတိယနေ့တွင် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၌ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းအတွင်း ဇီဝလုံခြုံမှုကျင့်စဉ်နှင့် သုတေသနကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများကို ပြည်တွင်းပြည်ပဆေးပညာရှင်များက ဟောပြောဆွေးနွေးကြပြီး စာတမ်းရှင်များက စာတမ်းပေါင်း (၁၆)စောင်ကို တင်သွင်းဖတ်ကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ငါးခြောက်ဂိုဒေါင်မှ အနံ့ဆိုးမခံနိုင်

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် အထက်လမ်းမကြီးရှိ ငါးခြောက်ဂိုဒေါင်မှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

မီးသွေးတောင့်ဆိုင်ကြောင့် မီးဘေးစိုးရိမ်

စာတည်းရှင့်-

တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ၂၁ လမ်းရှိ အိမ်တစ်အိမ်သည် အပေါင်းရောင်းသောဆိုင်နှင့် မီးသွေးတောင့်ပြုလုပ်ရောင်းချသော ဆိုင်နှစ်ဆိုင်ကို ရပ်ကွက်အတွင်း၌ ယာယီအဆောက်အအုံဆောက်လုပ်၍ ချက်ပြုတ်စားသောက်နေထိုင်လျက်ရှိသောကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

နို့ဆီဘူးလုပ်ငန်း ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (၈)လမ်းအပိုင်း (၄)အတွင်းရှိ နို့ဆီဘူးလုပ်ငန်းလုပ်ကိုင်သော အိမ်တစ်အိမ်မှ ထုရိုက်ခတ်သံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားများ**

နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ မျက်ဝန်းသစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် မွမ်းမံပြင်ဆင်ထားရှိမှုများနှင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများအား ပြည်ထောင်စုဝန်ကြီးများ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ မျက်ဝန်းသစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ရောက်ရှိကြပြီး စာကြည့်တိုက် မွမ်းမံပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကျေးရွာနေပြည်သူများ ကြည့်ရှုနိုင်ရန် Sky Net ရုပ်သံလွှင့်စက်တစ်စုံကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ငွေပဒေသာပင်အတွက် အလှူငွေများကိုလည်းကောင်း အသီးသီးပေးအပ်ကြရာ ရပ်မိရပ်ဖတစ်ဦးက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် အလျင်လိုကျေးရွာအနီးရှိ တောင်သူပညာပေး ၃၆၉ ဧက စိုက်ခင်းသို့ သွားရောက်၍ GAP သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် ပျိုးထောင်ထားသော ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးများ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါးစိုက်ခင်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးမန်နေဂျာများ၊ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခနှင့် ဆရာ ဆရာမများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းခုနစ်ကျောင်း၊ အထူးပြုကျောင်းနှစ်ကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ လာရောက်လေ့လာကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ၂၀၁၁-၂၀၁၂ ခုနှစ် နေပြည်တော်ကောင်စီနယ်မြေတွင် နွေစပါးနှင့် GAP စနစ်ဖြင့် စိုက်ပျိုးရန် လျာထားဧကများအတွက် ရေအလုံအလောက်ပေးဝေနိုင်စေရန် ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက တစ်ဧကအတွက်နှုန်း တင်း ၂၀၀ အထက် *စာမျက်နှာ ၇ ကော်လံ ၁* ❖

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ မျက်ဝန်းသစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ စာပေလေ့လာဖတ်ရှုနေကြသူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

➤ မြင့်မောင်စိုး – ရေးသားသည် ➤



မန်စီးတီးနှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးကွင်းလယ်ကစားသမား ဂျရတ် ပယ်နယ်တီမှတစ်ဆင့် ဘဲသို့ဂိုးသွင်းယူခဲ့သည်။

လီဗာပူးတို့ မန်စီးတီးကို ရှုံးကြေးဆပ် ကာလင်းဖလားအကြိုဗိုလ်လုပွဲ အနိုင်ရ

လန်ဒန် ဇန်နဝါရီ ၁၂

မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့သည် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ကာလင်းဖလားအကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြရာ လီဗာပူးက ဂျရတ်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ လီဗာပူးအသင်းသည် ၁၉၉၆ ခုနှစ်နောက်ပိုင်း ဝင်ဘလေကွင်းကြီး၌ ပထမဆုံးအနိုင်ရသည့်ပွဲလည်းဖြစ်သည်။

မန်စီးတီးကစားသမား စတီဗန်ဆာဗစ်က လီဗာပူးမှ ဒန်နီရယ်အက်ဂါကို ကြမ်းတမ်းစွာကစားခဲ့သဖြင့် ပယ်နယ်တီရရှိခဲ့ရာ လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်က ပယ်နယ်တီမှတစ်ဆင့် အနိုင်ဂိုးကို ပွဲချိန် ၁၃ မိနစ်မှာပင် စောစီးစွာ သွင်းယူပေးခဲ့သည်။ မန်စီးတီးဂိုးသမား ဂျိုးဟတ် လက်စွမ်းပြကာကွယ်ခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်ဘဲ လီဗာပူးတို့ ပယ်နယ်တီဂိုးဖြင့် အနိုင်ရခဲ့သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် သီတင်းပတ်က ပရီမီယာလိဂ်တွင် လီဗာပူးကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ယခုတစ်ဖန် လီဗာပူးက ယင်းရှုံးကြွေးကို ပြန်ဆပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ဇီဝသိပ္ပံ | ခင်ရတနာ – ရေးသားသည်

ပါပူဝါနယူးဂီနီသစ်တောများတွင် ကမ္ဘာ့အသေးငယ်ဆုံး ဖားမျိုးစိတ်တွေ့ရှိ

ဝါရှင်တန် ဇန်နဝါရီ ၁၂

ပါပူဝါနယူးဂီနီနိုင်ငံသစ်တောများအတွင်းတွင် ကမ္ဘာပေါ်၌ အသေးငယ်ဆုံးသော ဖားမျိုးစိတ်တစ်မျိုးကို အမေရိကန်သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ဖားမျိုးစိတ်မှ ဖားတစ်ကောင် **(အောက်ပုံ)**၏ အရှည်မှာ ခုနစ်မီလီမီတာ (၀ ဒသမ ၂၇ လက်မ)ခန့်သာရှိရာ ကမ္ဘာပေါ်ရှိ ကျောရိုးရှိသတ္တဝါများဖြစ်သည့် ငါး၊ ကျေးငှက်နှင့် အခြားတိရစ္ဆာန်များတွင် အသေးငယ်ဆုံးဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။



၎င်းဖားလေးများသည် သစ်တောအောက်ခြေ မြေပြင်ပေါ်တွင်ရှိသော သစ်ရွက်လေးများပေါ်၌ နေထိုင်ကျက်စားတတ်ကြသဖြင့် အလွယ်တကူ ရှာဖွေတွေ့နိုင်ခြင်းမရှိကြောင်း၊ အင်းဆက်ပိုးကောင်လေးများသဖွယ်ဖြစ်နေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ *စာမျက်နှာ ၅ ကော်လံ ၅* ◆

မြန်မာ့အလင်း **ယနေ့ ဖတ်စရာ၊ မှတ်စရာ**

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ထပ်လောင်းတောင်းဆို စာ-၄

အာဆီယံ ရထားလမ်းအတွက် ဥမင်လိုဏ်ခေါင်း တရုတ်နိုင်ငံ ဖောက်လုပ်ပြီးစီး စာ-၄

ကားတင်သွင်းခွင့်ရသူ သင်္ဘောသားများ ကန့်သတ်ချက်အချို့ ဖြေလျှော့စေချင် စာ-၅